www.burmeseclassic.com

(၅)နှစ်မြောက်အထူးထုတ်

စာငေး

ချောက်ချောက်ချားချားထိတ်လန့်ဖွယ်ဝတ္ထု

ကိုကို

BURMESE CLASSIC .com

တစ္ဆေပို့တဲ့သမ္မာန်စာ

www.burmeseclassic.com

www.burmeseclassic.com

ပေးစာကတ်လွှာ (ပေးစာ-အဖြေလွှာ)

သို့

သေးဆုပ်ဖုတ်ကောင်တွေ လောကမှာတကယ်ရှိပါသလား။ လူ့သွေး တွေစုပ်ပြီး သူတို့သက်တမ်းဆက်ကြတာ ဟုတ်ပါသလား။ သူတို့တွေ ဘယ်တော့မှ မသေတော့ဘူးပေါ့နော်။

ဆွေမင်းလတ်
မြင်းမူမြို့။

လောကမှာလူတိုင်းကို ချစ်ခြင်းတရားတွေ ပေးကမ်းနိုင်ကြပါစေ။ ကိုယ်ချင်းစာတတ်ကြပါစေ။ ဘုရားတောင်းမှာတော့ သွေးရဲဖုတ်ကောင်တွေလို့ ခေါ်ရမယ်လို့ ချစ်ခင်ရင်းနှီးပါဘူး။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာလောက်နဲ့ တွေးကြည့်ကြရအောင်မှာ ... ပင်၊ ဖြတ်ကား၊ ခွာသူရကောင်၊ ခြဗျားဘဲဒုံခံသေး၊ နတ်ဘုံ ရွှေတောက်ကို လူတိုင်းမရောက်သေးတော့ သာလို့ မစောင်းစားနဲ့ လူနဲ့တိရစ္ဆာန်ကိုပဲ တွေးကြည့်ကြရအောင်။ ခွာသီးခွာဖျင်ကိုပဲစားတဲ့ လူ၊ တိရစ္ဆာန်၊ ခွာသားကိုပဲစားတဲ့ လူ၊ တိရစ္ဆာန်၊ ခွာခံစား လူတိရစ္ဆာန်ရှိကြတယ်။ သေရင်း ဝဲခွာသက်ခဲ့တဲ့ ကျွဲတွေ၊ ကျွဲတွေရှိကြတယ်ဆိုတော့ လူ့သွေးတွေရဲဖို့ သက်တမ်းဆယ်ကြိမ်တဲ့ သွေးရဲဖုတ်ကောင်မရှိဘူးလို့ ကျွန်တော် ဝင်ငြင်း ချင်ပါဘူး။

BURMESE CLASSIC .com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၀၆၀၅၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၆၆၉၀၆၀၁၁
၂၀၁၁ခုနှစ်၊ ဇူလိုင်လ – ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀/–)ကျပ်

- **ထုတ်ဝေသူ**
  ဦးသစ်လွင်၊ ဂန္ဓင်္ဂေါ်မြို့စာပေ၊ (မြို့–၀၉၄၈)၊ အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊ ၆–ရပ်ကွက်၊ သာကေတမြို့နယ်။
- **မျက်နှာဖုံးပုံနှိပ်**
  ဦးကျော်စိန် (၀၂၉၀၉)၊ ကျော်စိန်စိမ်းပုံနှိပ်တိုက်
  အမှတ်–၁၈၁၊ ၃၃–လမ်း၊ ကျောက်ဂံတားမြို့နယ်။
- **အတွင်းပုံနှိပ်**
  ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
  ၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။
- **ပြည်လုံးကျွတ်ပြန့်ဖြိုးရေး**
  ထုတ်ဝေအောင်စာပေ
  အမှတ်–၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

စက္ကူစာရင်း

ပုဏ္ဏာညို
တန္ဆေပို့တဲ့သမ္မာန်စာ / ပုဏ္ဏာညို – ရန်ကုန်၊
ဂန္ဓင်္ဂေါ်မြို့စာပေ၊ ၂၀၁၁။
၁၂၀–စာ၊ ၁၃၀ × ၂၀၅ စင်တီ။
(၁) တန္ဆေပို့တဲ့သမ္မာန်စာ

www.burmeseclassic.com

သို့

ညာဘက် ခွေးတွေကြောင်တွေအများစုက တရွေ့သရဲတွေကို မြင်ကြလို့ အူကြတယ်လို့ သိရတယ်။ လူတွေအများစုကတော့ တရွေ့သရဲကို ဘာလို့မမြင်ရတာလဲဆရာ။

မဂ္ဂ(မြင်းခြံ)

BURMESE CLASSIC .com

ခွေးတွေ ကြောင်တွေက တိရစ္ဆာန်ဘုံသားတွေဝဲ။ တရွေ့၊ သရဲတွေက ဖြိုက္ခာဘုံသားတွေဝဲ။ ခွေးတွေ ကြောင်တွေနဲ့ တရွေ့တွေတာ အာဟိယသေးဘုံသားအချင်းချင်းဖြစ်ကြလို့ အချင်းချင်း မြင်နိုင်ကြတာပါ။ လူတွေ့ခြောက်ကြတယ် ဖတ်ကလား၊ ကံနိမ့်ဖို့မှ တရွေ့သရဲတွေကိုမြင်ရတယ် ဆိုတာလေ မြင်သင့်တဲ့ကံမရှိလို့ မမြင်ရတာလို့ ဝဲခြောက်ရမယ်သင်တာပါ။

ကျွန်မနဲ့ ဝေစပ်ထားခဲ့တဲ့ ချစ်သူက သင်္ဘောအရာရှိတစ်ယောက်ပါ။ ဒီတစ်ခေါက် သူသင်္ဘောကပြန်လာရင် လက်ထပ်ဖို့ စီစဉ်ခဲ့ကြတာပါ။ ကံဆိုးချင်တော့ ပြဿဒါးကာ တောင်တရုတ်ပင်လယ်မှာ သူတို့သင်္ဘော နစ်ပြီး သူ့ကို အသက်ရှင်လွတ်လည်းရှာမတွေ့၊ အလောင်းလည်း ရှာမတွေ့တော့ဘဲဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့တစ်ပတ်ကစပြီး ကျွန်မ အိပ်ရာထဲ သူရောက်ရောက်လာသလို ခံစားရပါတယ်။ အိပ်မက်လိုလို၊ လက်တွေ့လိုလိုပါပဲ။ ဒီစာရေးတဲ့နေ့ဆို (၇)ညရှိသွားပါပြီ။ အိပ်မက်မဟုတ်ပေမဲ့ သူရောက်လာမယ့်အချိန်ကျရင် ကျွန်မ မေ့နေပြစ်ပြစ်သွားတယ်။ သတိရလို့ကြည့်လိုက်တော့ သူမရှိတော့ဘူး။ သူ့ဒဏ်နဲ့ကျ မုတ်ဆိတ်ရိတ် ဆပ်ပြာအနံ့ပဲကျန်ခဲ့ပါတယ်။ ဟဲမရက်တွေတုန်းက စိတ်သာယာပီပေမဲ့ နောက်ပိုင်းတော့ သူ့နဲ့တွေ့ရှာကြောက်လာတယ်။ ကျွန်မ ဘာလုပ်သင့်လဲဆရာ။ ကျေးဇူးပါပြီး အကြံပေးပါ။

အကြင်နာ၊ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။

ခွေးတွေ ကြောင်တွေက တိရစ္ဆာန်ဘုံသားတွေဝဲ။ တရွေ့၊ သရဲတွေက ဖြိုက္ခာဘုံသားတွေဝဲ။ ခွေးတွေ ကြောင်တွေနဲ့ တရွေ့တွေတာ အာဟိယသေးဘုံသားအချင်းချင်းဖြစ်ကြလို့ အချင်းချင်း မြင်နိုင်ကြတာပါ။ လူတွေ့ခြောက်ကြတယ် ဖတ်ကလား၊ ကံနိမ့်ဖို့မှ တရွေ့သရဲတွေကိုမြင်ရတယ် ဆိုတာလေ မြင်သင့်တဲ့ကံမရှိလို့ မမြင်ရတာလို့ ဝဲခြောက်ရမယ်သင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com

သို့

သင်ဆိုတာ သူနဲ့သိပ်ကျွမ်းဝင်ခဲ့တဲ့လူကိုပဲ ခြောက်တာလား။ မသိ မကျွမ်းတဲ့လူတွေကိုရော ခြောက်ပါသလား။

ကျော်စိုးမြင့်
အောင်ချမ်းသာလှိုး၊ မုံရွာ။

သို့

ဆရာ ဒီတစ်ခါသင်ပို့တဲ့ဆဲမှာ တပ္ပဆေးကောင်ရဲ့ ပုံပန်းသဏ္ဌာန်ကို အတိုအကျရေးပါလား။ ကျွန်တော်တို့ရွာမှာတော့ သင်မမြင်ဖူးဘူး ဆိုတဲ့လူမရှိဘူး။ ဆရာမြင်ဖူးချင်ရင် ကျွန်တော်တို့ရွာသို့ခြင်းမှာ တစ်ညလောက် လာလေ့လာကြည့်ပါလား။ ကျွန်တော် အပိုကြွား တာ မဟုတ်ပါဘူး။ ဆရာ့အတွက် အကျိုးရှိမှာပါ။

သံလုံး
ရွာဆိုးကုန်း။

BURMESE CLASSIC .com

ကျွန်တော်က သင်ဝတ္ထုတွေဘာရေးတာ ကြောက်တတ်ဝမ်းမျက်။ ဒါပေမယ့် ရုပ်စုံး လေးဘာညာပြောတဲ့အခွန်က ကြောက်ခိုတ်ထင်လိုက်တာ ကိုသံလုံးတို့ ရွာသို့ခြင်းကို လာခဲ့ဖူးသလား။ နောက်တစ်ခါစာရေးရင်သာ ဒီဇာတ်ကွက်ဖြည့်ပြီးရေးပေးမယ် ...





www.burmeseclassic.com

www.burmeseclassic.com

သို့

အချို့လူတွေသေရင် သံရုပ်ဆင်ကြတယ် ... တိရစ္ဆာန်တွေသေရင် ကောသရဲမဖြစ်ကြဘူးလား ဆရာ ...

ညီထွေး (သစ်တောအုပ်)
ဆီဆိုင်ပြု။

ကိုညီထွေး တောထဲမှာ တောခွေးဆိတ် လူတွေ့ကြုံရမှုခဲ့တဲ့သူတွေကို မောကြည့်တိုင်း။ ကျွန်တော့်နှာထင်တော့ တောခွေးဆိတ်တာဟာ တောထဲက တိရစ္ဆာန်သံရဲတွေ့ဖြစ်မယ်ထင်တာပဲ။



သို့

အဖိနှိပ်ခြည်စစ်ခြင်း ပစ်ခတ် သတ်ဖြတ်သေဆုံးနေတဲ့ နိုင်ငံတွေမှာ သံရဲတွေရေတွက်လို့မှရပါ့မလားဆရာ ... အဲဒီနိုင်ငံသားတွေကလော သံရဲမကြောက်ကြဘူးလား မသိဘူးနော် ...

ခင်ခင်ဆော
ကျောက်ပြု။

နှတ်မိမယ်လေးနဲ့ ဟိုရုံရင်တော့ သရဲတာ ကြောက်စရာတွေ့။ ဘွား ... သရဲထက် ပိုကြောက်စရာကောင်းတဲ့လူတွေနဲ့ ပတ်ရုံရင်တော့ သရဲကို နှတ်မိမယ်လို့ ဟား ခွေးက်မှေးကြမယ်လား မသိပါဘူးဗျာ ...



www.burmeseclassic.com

www.burmeseclassic.com

သို့

သရဲကြောက်တယ်၊ သရဲဝတ္ထုတွေတစ်၊ သရဲကားတွေကြည့်၊ ပြီးရင် မအိပ်ရဲတော့ဘူး။ အပြင်မထွက်ရဲတော့ဘူး မဟတ်ဘဲ မကြည့်တဲ့လည်း မနေနိုင်ဘူး။

ဖိုး

ဒဂုံအရှေ့

ဟုတ်ပါး။ ကျွန်တော်နဲ့ ဖိုးတို့တယ်မျိုး။ ကျွန်တော်တို့ ဒုစ်ပေါက်ရင် ငြောက်ခေါ်ကို ဖြေရမိတဲ့တာကိုး ...

သို့

အမျှအတန်းပေးဝေလို့လည်း မကျွတ်။ မေတ္တာပို့လို့လည်းမခံယူ။ ဘုရားစာရွတ်လို့လည်း မကြောက်၊ အဆောင်၊ လက်ဖွဲ့၊ ပရိတ်ပန်း တောင်မနိုင်တဲ့ အစွယ်ထွက်သားကောင်ကြီးတွေနဲ့တွေ့ရင် ဘယ်လိုလုပ်ရ မလဲဆရာ ...

မယုတ္တူး

လှိုင်သာယာ။

မတွေ့ရဘောဘူးမလား။ ဘုရင်တွေကြည့်လိုက်ပါဦး။ ဖြိုးမှ ကျွန်တော်တို့ ဆေးသွေးကြတာပေါ့ ...



www.burmeseclassic.com

သို့

ဆရာတော် သံယာတော် အရှင်သူမြတ်အချို့ တရားဟောရင် တရွေ့ သရဲ၊ အသူရကာယ်တွေ တရားလာနာကြတယ်လို့ သိရတယ်။ ဆရာ ရော သရဲတက္ကရေးနေတာ သရဲနဲ့မတွေ့ဘူးလား ...

တပည့်ကြည်ဦး
တန့်ယန်းမြို့။

တွေ့တော့တော ငြောရမှာလား .... ငြောပြတော့တော နားထောင်မှာလား၊ နားထောင်တော့ တော ယုံမှာလား။ ယုံတော့တော ဘာကိုသိမှာလား။ ဘာကိုယုံမယ်ဆိုရင်တော့ လွန်ခဲ့တော်ငြော ဖြစ်ပါတယ်။

ပါဝင်သောအခန်းများ

အခန်း ၁။ ခွေးအူသံတိုက်ပျက်ကြီး

အခန်း ၂။ သားမျောက်တွေ့

အခန်း ၃။ မလက်တိုနှင့်ခွေးနက်ကြီး

အခန်း ၄။ ခွေးပြေးဝက်ပြေးတွေ့ကုလား

အခန်း ၅။ ဝန်တိုရန်ကြွေး

အခန်း ၆။ ကလေးဖမ်းတဲ့လက်ကြီးတစ်ဖက်

အခန်း ၇။ လူမိုးခေါင်းခေါ်ရာသို့

အခန်း ၈။ အမေနှစ်ယောက်၊ သားတစ်ယောက်

အခန်း ၉။ အေးချမ်းသာရွာအဝင်

အခန်း ၁၀။ ခြေသံလုံတဲ့သေမင်း

အခန်း ၁၁။ ပြန်လာချင်ပေမဲ့

အခန်း ၁၂။ မလက်တိုဘယ်ကလာသလဲ

အခန်း ၁၃။ ကြိုးနေပါဟောင်

အခန်း ၁၄။ ကံကုန်တော့လည်း ခွဲရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

Composite Functions

Chapter - 1 HOWL FROM DESTORIED BUILDING

Chapter - 2 PASSIONATE GHOST FOR SON

Chapter - 3 MA-LET-TO WITH HER DOG

Chapter - 4 LIBIDINOUS ROTTER

Chapter - 5 THE FEUD

Chapter - 6 DANGEROUS HAND

Chapter - 7 FOLLOW WITH THE SKULL

Chapter - 8 SINGLE SON OF DOUBLE MAM

Chapter - 9 AYE-CHAN-THAR-VILLAGE

Chapter -10 SILENT DEATH

Chapter -11 WANT TO COME, BUT ...

Chapter -12 WHERE DID SHE COME BACK?

Chapter -13 WAIT FOR ME!

Chapter -14 GOOD-BYE

BURMESE CLASSIC .com

လူတစ်ယောက်ထံသို့ တရားရုံးမှ ဆင့်ခေါ်သောစာကို သမ္မာန်စာဟုခေါ်သည်။ ခိုင်လုံသောအကြောင်းပြချက်ရှိလျှင် မသွားဘဲနေလို့ရသေးသည်။ တစ္ဆေ ပို့တဲ့သမ္မာန်စာရသူကား ငြင်းပယ်တိမ်းရှောင်ခွင့်မရှိ။ ဒါဆို ... ပြန်မရောက် ဖြစ်တာကြောပြီဖြစ်သော ဇာတိမြို့လေးသို့ အသည်းအသန်ပြန်သွားလိုသော ညီ့ထွေးရဲ့ကံကြမ္မာသည် တစ္ဆေပို့တဲ့ သမ္မာန်စာကြောင့်လေလား ... ဆိုတာ ကိုတော့ ...

အခန်း (၁)

ခွေးဘုသံတိုက်ပျက်ကြီး

HOWL FROM DESTORIED BUILDING

စိမ်းညိုစိုအိ တစ်မျှော်တစ်ခေါ် ကျုံစိုက်ခင်းကြီးသည် နေညှိတိမ်တောက်အလင်းအောက်မှာ ရွှမဆုံကြွည့်မဝအောင် လှပလွန်းပေ၏။ မြို့ပြရိပ်မှာ မြင်ရခဲလှသောတောရနဲ့က ရင်ကိုညှို့ငင်နိုင်စွမ်းတော့သည်။ ဖြစ်နိုင်ပါလျှင် ဒီမြင်ကွင်းကိုမယုက်စီးစေဘဲ တမေ့တမောကြည့်လိုနေပါ၏။ မြတ်မြတ်နိုးနိုးငေးချင်ပါသည်။ ရင်တွင်းအလို။

သို့ပေမယ့် ဆန္ဒနှင့်လက်တွေ့ထပ်တူညီဖို့မလွယ်ကူသည်နှင့်အညီ။

"မောင် _ ဘာရပ်လုပ်နေတာလဲ၊ မောင်းလေကွာ၊ မောင်တို့မြို့ရောက်ဖို့လိုသေးတယ်မလား၊ နီလည်းငိုက်ဆာလှပြီ၊ သားသားဆိုဆာလွန်းလို့အိပ်မျော်သွားရှာပြီ၊ သနားပါတယ်"

"အင်းပါနီလေးရယ် ... ရှားရှားပါးပါး အလှကကြည့်ရခဲမှုန်ပါ၊ ကြည့်ပါလားနီလေး _ ဝင်လုဆဲဆဲနေရောင်ကို တိမ်ညိုတောင်တွေက မခွဲနိုင် မခွာရက် ဖက်တွယ်ထားတယ်၊ တိမ်ပန်းချီနီနီလေးကိုကျတော့ ... နှစ်မိုးသစ်ဂျုံ

www.burmeseclassic.com

www.burmeseclassic.com

စိုက်ခင်းကြီးက လွမ်းလွမ်းဆွတ်ဆွတ် ဖမ်းဆုပ်ကိုင်ထားတယ်၊ တုဖက်မဲ့ကင်းအောင်လှတဲ့ ကျဲကွင်းကျယ်ကြီးကိုတော့ မောင့်ရဲမြင်သိမှတိညာဉ်လေးက တွယ်ငြိထားတယ် အဲ ... မောင်ရဲသောတဝိညာဉ်လေးကိုတော့ တစ်သားမွေး တစ်သွေးလှတဲ့ နီလေးရဲ့ ပွတိပွစိန္နတ်ခမ်းကထွက်တဲ့ ပူညံပူညံ နားပူသံကဖမ်းချုပ်လိုက်တာပေါ့ကွာ''

''အောင်မယ် လာသေးတယ်၊ နားပူမခံနိုင်ရင် အစောကြီးကတည်းက မိန်းမ မယူဘဲနေပါလား။ ရှင် နားပူမခံချင်ရင် ကျုပ်တို့သားအမိဝမ်းပူတာ အရင်ရှင်းပေးပေတော့ _ ရှင်သဘောကျတဲ့တိမ်တောက်ချိန်လည်းကျော်သွားပြီ၊ ကားမီးဖွင့်ပြီးသာမောင်းပေတော့ _ မောင်ညိုထွေးရေ _ မှောင်နေပြီ''

ဇနီးချောလေး ဖုတ်ပူမီးတိုက်လောဆော်လေမှ ညိုထွေး ဝန်းကျင်သို့ အကြည့်ပြန်ရွေ့မိတ်။

ဟုတ်ပေသားပဲ။ အမှောင်ထုက စေတန်၏ဝတ်ရုံနက်ကြီးလို ရုတ်ချည်း လွှမ်းလာတော့လည်း စောစောက ရင်ကိုငြိခဲ့သမျှအလှတရားတို့ ငုပ်လျှိုးပျောက်ကွယ်သွားလေပြီပေါ့။

အခုလိုမှောင်လာလေမှ ညိုထွေးဈိုးရိမ်စိတ်တို့ ကြီးထွားလာတ်။

တကယ်ဆို ... ဒီဖြတ်လမ်းမှမလာသင့်ပါ။ ဘယ်လောက်ဝေးဝေး လမ်းရိုးဖြစ်တဲ့ ကတ္တရာလမ်းမကြီးအတိုင်းမောင်းသင့်သည်။ ဒီလမ်းသည် ဟိုး လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလတုန်းကတော့ ရေနံတွင်းတူးခဲ့သည်ဆိုသော်ငြား လည်း ယခုတော့ ထိုရေနံတွင်းပြုပြီး ရေပိုက်ညှာက်သွားခဲ့ကာ ရေနံမြေလည်း မရှိတော့ပြီ။

သူ အရင်လိုမိတော နောင့်နေးစေဖို့ဖြစ်နေပြီထင်ပါရဲ့။

ကားကို ဖြည်းဖြည်းမှန်မှန်မောင်းလာခဲ့တ်။

နာရီဝက်ကြာတော့ သံသယဝင်လာသည်။

သူ _ ဟိုး _ ဆယ်နှစ်ကျော်တုန်းက ဒီလမ်းဒီဝရိုးကို ဒီအပြန်နှန်းနဲ့ ကားမောင်းခဲ့သည်။ နာရီဝက်ဆိုသည့်အချိန်အတွင်းမှာ ရွာငယ်လေးနှစ်ရွာကို ဖြတ်ကျော်ခဲ့ဖူးတ်။ ဟော _ အခုတော့ ရွာမမြင်၊ လူမတွေ့တော့ပါ။ ဘယ်လို ဘယ်ပုံဖြစ်ရသည်မသိတော့။

''မောင် _ နီလေးတို့ဘယ်ရောက်နေပြီလဲ''

''အဲဒီမေးခွန်းရဲ့အဖြေ ငါကပိုသိချင်တာဟေ့ ... ''

ဟုသာအော်လိုက်ချင်ပေမယ့် ... ဇနီးဖြစ်သူမပူပန်စေလိုၟ၍ ...

''ရောက်တော့မှာပါကွာ _ နီလေးစားချင်တာမှန်သမျှ စိတ်ကြိုက်စား ရတော့မယ် ဟုတ်ပြီလား''

ညိုထွေး ဖာဖာထေးထေးပြောလိုက်မိသော်လည်း သူ့ရင်မှာတော့ အပူ ငွေ့တွေ တရှိန်ရှိန်တက်နေတ်။

ထိုစဉ် ...

လက်ခနဲမီးရောင်တစ်စလှမ်းမြင်လိုက်ရတ်။

ညိုထွေးဝမ်းသာမှုတွေ လှိုက်ခနဲတက်လာတ်။

မကြာမီ ... ထိုအလင်းရောင်ရှိရာသို့ သူကားလေးရောက်သွားတ်။

ထိုအလင်းရောင်ကား _ လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြစ်တ်။ လက်နှိပ်ဓာတ်မီး ကိုင်ဆောင်မောင်းတင်ထားသော လူတစ်ယောက် သူကားကိုခပ်စူးစူးကြည့်နေ သည်။

သိမ်းငှက်လိုအကြည့်မျိုးက သူတို့ကားလေးကို အန္တရာယ်တပ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

လို မျက်ခြည်မပြတ်၊ သတိကြီးကြီး။

ညီထွေး ကပျာကယာဖြေရှင်းလိုက်ရတ်။

"ဒီလိုပါ၊ အစ်ကိုကြီး _ ကျွန်တော်တို့မိသားစုက (_) မြို့ကိုသွားမယ့် ခရီးသွားတွေပါ"

ကားဘော်ဒီလိုက်ဖွင့်ထား၍ ကားပေါ်သို့စူးစမ်းအကြည့်များနှင့်ကြည့်တ်။ ကျေနပ်လေမှလက်နှိပ်ဓာတ်မီးကိုင်လူကြီးထံမှ စကားသံထွက်ပေါ်လာတ်။

"ခင်ဗျားတို့လမ်းမှားလာကြပြီ"

"ဒါ ဟိုးလွန်ခဲ့တဲ့ဆယ်နှစ်တုန်းက ဖြတ်လမ်းမဟုတ်လား"

"ဟုတ်တယ် ... အခုလည်းသွားလို့တော့ရပါတယ်၊ ဒါပေမယ့် ဒီဘက်မှာ ရွာတွေမရှိတော့ အသွားအလာကျဲသွားပြီ"

"ဒီလမ်းမှာ ဟိုတုန်းကရွာတွေရှိပါတယ်"

"မရှိတော့တာကြာပြီ ဆည်ဖရိယာအတွက် မြေသိမ်းတဲ့အထဲပါသွားလို့ ရွာတွေကိုဆည်ရဲ့ဟိုဘက်ရွှေ့လိုက်တာ ဘယ်လောက်ကြာပြီလဲ၊ ခင်ဗျားဒီနယ်ကမဟုတ်ဘူးထင်တယ်"

"ကျွန်တော်က (_)မြို့ဇာတိပါ။ အခုတော့ရန်ကုန်မှာပဲနေပါတယ်၊ ဇာတိနဲ့အဆက်ပြတ်နေတာ ဆယ်နှစ်ကျော်သွားပြီ၊ မိန်းမနဲ့ကလေးကိုဆွေဆက်မျိုးဆက်မပြတ်အောင်လိုက်ပို့တာပါ"

ညီထွေးစကားအဆုံးမှာ ထိုပုဂ္ဂိုလ်ခေါင်းတွင်တွင်ခါတ်။ ပြီးမှ ...

"အကောင်းဆုံးကတော့ _ ခင်ဗျားလာလမ်းအတိုင်းပြန်သင့်တယ်"

"ဟုတ်သားပဲမောင်ရယ် ... နိလေးတို့တောကြီးမျက်မည်းထဲလမ်းပျောက်နေပါ့မယ်၊ ပြည်လှည့်ရအောင်နော်"

ဖနီးသည်ကအရေးထဲ အပူလုံးကြွနေတ်။

"နိလေးငြိမ်ငြိမ်နေစမ်း၊ သားသားနိုးသွားဦးမယ်၊ ကိုယ့်မြို့ကရှေ့မှာ ဘာမှမဝေးတော့ဘူး ပြန်လှည့်ပြီးလမ်းရိုးအတိုင်းသွားရင် ညသန်းခေါင်ကျော်မှ မြို့ကိုရောက်လိမ့်မယ်၊ ကိုယ်ကတော့ရှေ့ဆက်သွားဖို့ပဲဆန္ဒရှိတယ်"

"ကျုပ်အကြံပြုမယ်ဗျာ _ ခင်ဗျားလာလမ်းအတိုင်းပြန်မလှည့်ချင်ဘူးဆိုရင်လည်း ဒီညတော့ကျွန်တော့်ရဲ့တဲမှာပဲအိပ်လိုက်ပါဗျာ၊ ကျွန်တော်က ဒီဆည်မှာစောင့်ရှောက်ထိန်းသိမ်းရတဲ့ ဝန်ထမ်းပါ၊ အင်ဂျင်နီယာဦးခင်မောင်ဝင်းပါ"

"အခုလိုပြောတဲ့အတွက်ကျေးဇူးတင်ပါတယ် ဦးခင်မောင်ဝင်းရယ်၊ ဒါပေမယ့် ကျွန်တော်ဆက်သွားချင်တယ်ဗျာ၊ လမ်းကောင်းတယ်မဟုတ်လား"

"အင်း _ တားမရလည်းသွားလေ _ လမ်းကတော့ကောင်းပါတယ် ဒါပေမယ့် ... "

ဒါပေမယ့်ဆိုပြီး စကားစဖြတ်ထားတော့ ညီထွေးတို့လင်မယားနှစ်ယောက် တင့်လင့်လင့်နားထောင်တ်။

"ဒါပေမယ့် ဘာဖြစ်လဲရှင် ... ပြောပါဦး"

"ဒီလမ်းကို ညဘက်လူတွေမသွားကြဘူးဗျ"

"ဗျာ ... ဘာဖြစ်လို့လဲ ... "

"ဒီကရှေ့ဆက်သွားလို့တစ်မိုင်ရောက်ရင် ခွေးအူသံတိုက်ပျက်ကြီးရှိတယ်"

"ခွေးအူသံတိုက်ပျက်ကြီး ... "

ညီထွေးတို့နှစ်ယောက် သံပြိုင်သံယောင်လိုက်မိတ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ... ညည ဖြတ်သွားဖြတ်လာလူတွေကို ခြောက်လှန့်တတ်တယ်တဲ့၊ မကောင်းဆိုးဝါးတွေ ခိုအောင်းနေတဲ့တိုက်ပျက်ကြီးပေါ့"

"ဩော် ... ဒါလားတော်ပါသေးရဲ့၊ ကျွန်မဖြင့်စိတ်ပူသွားတာပဲရှင်၊ တိုက်ပျက်ကြီးဆိုတော့ သူခိုး၊ ဓားပြတွေခိုးအောင်းနေသလားလို့၊ သရဲတစ္ဆေဆိုတာ လူကိုထိခိုက်နာကျင်အောင် လုပ်နိုင်တာမဟုတ်ပါဘူးရှင်၊ အသံပေးရဲ့ကိုယ်ထင်ပြရုံလောက်ခြောက်လှန့်နိုင်တာပါ"

"ဦးခင်မောင်ဝင်း ကျွန်တော်တို့အတွက်စိုးရိမ်ပေးဖော်ရတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်ကအကြောက်အလန့်မရှိဘူး ကျွန်တော့် မိန်းမက ကျွန်တော့်ထက်ပိုသတ္တိကောင်းတယ် ကဲခွင့်ပြုပါဦးဗျို့ ... "

ခေါင်းကိုလေးလေးကြီးရမ်းလိုက်သည့် ဦးခင်မောင်ဝင်းကိုကြည့်ကာ ညီ့ထွေးတို့လင်မယားပြုံးမိကြသည်။

ခပ်လှမ်းလှမ်းရောက်လေမှ ...

"မောင်ရေ ... ဦးခင်မောင်ဝင်းပြောတဲ့ခွေးအူသံဝဲတိုက်ပျက်ကြီး ရောက်ရင် ခဏလောက်ရပ်ပေးပါဦး"

"ဘာလုပ်မလို့လဲ နီလေးရဲ့"

"အမောပြေရေလေးသောက်လေး ဆင်းသောက်ရအောင်လို့လေ"

"ဟား ဟား ဟား နီလေးကတော့မနိုင်ဘူးဟေ့"

"ဖောင်း ... ဝေါင်း ... ဝေါင်း ... ဝေါင်း"

ညီ့ထွေးနှင့်နီလေးတို့ ဟားတိုက်ရယ်မောနေချိန်မှာပင် ကျယ်လောင်သောအသံကြီးတစ်ခု ပဲ့တင်ထပ်ပြီးကာ ထွက်ပေါ်လာ၏။

"အမလေး ... ဓားပြတွေ"

နီလေးအလန့်တကြားအော်သံကို စိတ်တိုစွာကြားလိုက်ရ၏။

"ဘာတွေလျှောက်ပြောနေတာလဲ နီလေးရာ၊ ကားဘီးပေါက်သွားတာပါ"

"ဩော် ... အရေးထဲမှာ ကားဘီးကပေါက်ရတယ်လို့"

"ပြဿနာမရှိပါဘူး စပယ်ယာဘီးပါသားပဲ၊ ခဏပဲလဲရမှာပါကွာ Just a moment."

"မေမေ ... မေမေ ... ဘာသံကြီးလဲ"

"ဟော သားလေးနိုးလာပြီ၊ ဘာမှမဟုတ်ပါဘူး သားလေးပြန်အိပ်၊ ပြန်အိပ်၊ မရောက်သေးဘူးကားဘီးပေါက်လို့ ဖေဖေဘီးလဲတပ်ပြီးရင်ဆက်သွားမယ်"

"သားမအိပ်ချင်တော့ဘူး မေမေ"

"သားသဘောပါတော့"

"မေမေ"

"ဟော"

"ဒါဘယ်နေရာရောက်နေတာလဲ"

သားသားစကားကိုဖြေရန်အတွက် မောင့်ကိုမေးလှမေးခင်မှာပင်-

"တိုက်ပျက်ကြီး ခွေးအူသံတိုက်ပျက်ကြီး"

တုန်ရီအက်ကွဲသော အသံကြီးကြောင့် နီလေးကြက်သီဖြန်းဖြန်းထသွား၏။ ပြီးမှဟတ်ခနဲတစ်ချက်ရယ်ကာ ...

"လာခြောက်မနေနဲ့မောင် ... နီလေးတို့ကမကြောက်သေးဘူးမောင်ရေ ... "

www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေလျှောက်ပြောနေတာလဲ နီလေး၊ သွေးရူးသွေးတမ်းနဲ့ပြောမနေနဲ့၊ မင်းကိုခြောက်ဖို့နေနေသာသာ ဒီမှာလက်တောင်မလည်ဘူး အလုပ်များနေတာ လာဆင်းခဲ့ဦးနီလေးရေ ... ."

"ခုနတုန်းက မောင်တကယ်မပြောဘူးလား"

"နီလေး _ မင်းပြောတာ ဘာမှမသိဘူး၊ လောလောဆယ်အရေးကြီးတာ ... မောင့်ကိုကူညီဖို့ပဲ မြန်မြန်ပြီးမှ မြန်မြန်သွားလို့ရမှာနော်"

"မညာပါနဲ့မောင်ရာ _ မောင်အသံဖျက်ပြီးပြောလိုက်တာမဟုတ်လား"

နီလေးက ညိုထွေးအနီးသို့ရောက်လာပြီး ... ဖြုတ်ပြီးသားဘီးကိုကားပေါ်မပေးရင်း စကားအမျှင်မပြတ်နိုင်စွာဆို၏။

"ဘာဖြစ်နေတာလဲ နီလေးရာ _ ကာတွေကြောက်အားလန့်အားလျှောက်ကြားနေတာလဲ၊ လာ လာမိန်းမ ကားပေါ်တက် သွားစို့"

နီလေးမတင်မကျ၊ မကြည်မလင်နဲ့ ကားတံခါးကိုဆွဲဖွင့်လိုက်စဉ်-

"ဟင် _ ဟော်တော် သားလေးဘယ်ရောက်သွားပါလိမ့်"

မိန်းမဖြစ်သူ၏ အထိတ်တလန့်အသံကြောင့် ညိုထွေးခေါင်းကြီးသွား၏။

"သားသားအိပ်နေတာမဟုတ်ဘူးလား"

"စောစောကလေးတင်နိုးလာတာ၊ နီလေး မောင့်ကိုဝိုင်းကူလုပ်နေတုန်း ဘယ်များဆင်းသွားပါလိမ့်"

"မင်းကလည်းပေါ့ကိုပေါ့ဆလွန်းပါတယ် နီလေးရာ"

"လာမပြောနဲ့ မောင်ပဲဖွတ်အတင်းခေါ်နေပြီးတော့ ... "

"ကဲ ကဲ အဲဒါအရေးမကြီးဘူး၊ သားသားကိုရှာရအောင် အပေါ့အပါး

သွားချင်လို့များလားမသိဘူး သားသားရေ _ သားသား _ ဝေးသားသား"

"သားရေ _ သားလေး မောင်ရှရေ _ အမေ့သားမြတ်ရှ _ မေမေခေါ်နေတယ် ထူးပါဦးသားရဲ့"

လင်မယားနှစ်ယောက်သား သားဖောငယ်ထိပ်တက်ကာမူလောင်နေပြီ၊ သားလေးမောင်မြတ်ရှကတော့ တစ်ခွန်းတစ်ပါဒမျှခွန်းတုံ့မပြန်။

"သားလေးဘယ်ရောက်နေပါလိမ့်မောင်ရယ် _ မပြောကောင်းမဆိုကောင်း သားလေးတစ်ခုခုဖြစ်ရင် နီလေးရူးမှာ"

"မင်းကလည်းကွာ ... တောထဲတောင်ထဲ ညဉ့်နက်ထဲမှာ ပါးစပ်စည်းစောင့်စမ်းပါ၊ ထင်ရာမြင်ရာပေါက်ကရတွေလျှောက်မပြောရဘူး၊ ဒါစောစောက ဦးခင်မောင်ဝင်းပြောလိုက်တဲ့ ခွေးအူသံတိုက်ပျက်ကြီးလားမသိဘူး _ "

"ဟုတ်တယ်မောင် ... ဟိုးရှေ့မှာ ... ဟိုးရှေ့မှာ"

"ဘယ်မှာလဲ ... သားသားလား"

"မဟုတ်ဘူး တိုက်ပျက်ကြီး"

"ဟာကွာ မင်းကလည်း _ သားကိုတွေ့တာများလားလို့"

"ဟာမကွာနဲ့လာပါမောင် _ နီလေးစိတ်ထဲမှာ သားလေးဒီတိုက်ပျက်ကြီးဆီသွားတယ်လို့ကို ထင်နေတယ် ... သားရေ မောင်မြတ်ရှ ... "

နီလေးဆွဲခေါ်ရာတိုက်ပျက်ကြီးဆီသို့ ညိုထွေးယောင်တိယောင်ကန်းခြေလှမ်းများနှင့်လိုက်ခဲ့မိသည်၊ ဘာစောဒကမျှမတက်လိုတော့ပေ။ ခပ်လှမ်းလှမ်းမှာရှိနေသော တိုက်ပျက်ကြီးက ဝိုးတဝါးလရိပ်မှာ တိမ်တို့နှင့်ဆန့်ကျင်ရာ ရွေ့မျောနေသည်ပင်ထင်မိသည်။

မိုးနံချုံငယ်များ၊ နဘူးချုံပုတ်များ၊ တစောင်းဆူးချုံ၊ တစေ့ပင်း ပြဿဒ်

www.burmeseclassic.com

www.burmeseclassic.com

ပင်ရုံများ ဟိုတစ်နေရာစုစု၊ ဒီနေရာရုံးရုံးနဲ့ ကျောက်ကုန်းဆန်မြေ မာမာထက်မှာ ပြန့်ကျဲလို့နေ၏။ ထိုကျိုးတို့ကဲ့သို့ ချုံများခြုံရံထားသောတိုက်ပျက်ကြီးကိုကြည့်ရသည်မှာ စစ်သည်ဝိုလ်ပါရာထောင်သောင်းနဲ့ တပ်ဖွဲ့ကြီးလင့်နေသော မိစ္ဆာဒေဝဘာတစ်ပါးနှယ်ထင်မှတ်ရသည်။ ကြည့်ရုံနဲ့ပင် ရင်တွေက တုန်ကယင်ရှိလှ၏။

လျှောက်လာရင်းက တိုက်ပျက်ကြီးက ပီပြင်စွာမြင်လိုက်ရသည်။

မိုးငွေ့ပျံမြေသင်းနံ့တို့သည် လေဟာခ်ျက်အဝေ့မှာ သူတို့ထံသို့ ပူနွေးစိုထိုင်းစွာရောက်ရှိလာ၏။

ညိုထွေး ကြက်သီးတစ်ချက်ထသွား၏။

စိတ်အထင် _ တိုက်ပျက်ကြီး၏သက်ပြင်းငွေ့များဟုထင်မှတ်မိသည်။ မကြောက်တတ်ဘူးဟု ကိုယ့်ကိုယ်ကိုယ်ထင်ထားသော်လည်း ညိုထွေးစိတ်တွေ ဂယောက်ဂယက်ဖြစ်နေသည်။ နီလေးကတော့သူလိုမဟုတ်။ သားဇောကပ်နေ၏။ ကြောက်စိတ်တွေကင်းကွာနေဟန်တူ၏။

နီလေး၏လက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်လေမှ အနည်းငယ်စိတ်လုံခြုံမှုရှိလာသည်။

ကြောက်စိတ်တစ်ဝက်၊ ရဲစိတ်တစ်ဝက်လှမ်းအကြည့်မှာ လင်းတစ်ဝက်မှောင်တစ်ဝက်တိုက်ပျက်ကြီး၏ အလင်းအမှောင်အစပ်ဝယ် သားငယ်မောင်မြတ်ရှကို တွေ့လိုက်ရ၏။

"သား ... "

နီလေးနဲ့ ညိုထွေးအော်သံကို တိုက်ပျက်ကြီးမှပဲ့တင်အထပ်ထပ်ပြုကာ သံနောက် သံယောင်များကြိမ်နှုန်းများစွာကြားလိုက်ရပေမယ့် သားငယ်ကတော့

တုတ်တုတ်မျှမလှုပ် ငြိမ်သက်စွာမတ်တတ်ရပ်လျှက် တိုက်ပျက်ကြီး၏အတွင်းပိုင်းထဲ အမှောင်ရိပ်ဆီ စူးစိုက်စွာငေးကြည့်နေလေသည်။

"သားလေး"

နီလေးစိုးရိမ်တကြီးနဲ့ အနီးကပ်အော်ခေါ်လိုက်၏။

သားလေးကကြားပုံမရချေ။ မတ်တတ်မေ့မျောသူတစ်ယောက်လို ငြိမ်သက်လွန်းသည်က ကျောက်ဆစ်ရုပ်အလား အလှုပ်အရွေ့မရှိ။

ထိုစဉ် ...

ဂျိမ်း

ဂျိမ်း ဂျိမ်း

ဂျိမ်း ...

ကောင်းကင်ကြီးအောခေါင်ခြစ်အော်လိုက်သလို နားကွဲမတတ်မိုးခြိမ်းသံကြီးကြောင့် သားလေးထံခြေလှမ်းလက်စ နီလေးတို့လင်မယား ခြေအစုံတုန့်ခနဲရပ်သွား၏။

သားလေးကတော့ အခုချိန်ထိအောင် ကြောက်လန့်မဲ့ကင်း ငြိမ်သက်မြဲငြိမ်သက်နေသည်ကိုမြင်ရတာ ညိုထွေးကြောက်လန့်လာတော့သည်။

သားလေးကျောက်ရုပ်များဖြစ်သွားသလားဟု ဆင်ခြင်တုံတရားကင်းမဲ့စွာတွေးနေမိ၏။

ထိုအတွေးမှ မဆုံးခင် ...

အူး ...

အု အု

အူး ...

www.burmeseclassic.com

www.burmeseclassic.com

လောင်မြိုက်ထိတ်လန့်ခြင်း အပေါင်းတို့ကိုဆွဲငင်လိုက်သော ဆွဲဆွဲငင်ငင်ခွေးအူသံကြီးတစ်ခု တိုက်ပျက်ကြီးထဲမှ ရှည်လျားလေးဖင့်စွာထွက်ပေါ်လာတော့သည်။

မကြောက်တတ်ပါဘူးဆိုသည့်နီလေး ... ရုတ်တရက်မို့ထင်သည်။ အသားတဆတ်ဆတ်တုန်ကာ ညီ့ထွေးကိုဖက်၏။

ညီ့ထွေးလည်း နီလေးကိုပြန်ဖက်ရင်းက သားငယ်ကိုသတိရ၍ကြည့်လိုက်တော့ ...

သားငယ်မောင်မြတ်ရှသည် ရှည်လျားဆွဲငင်သောခွေးအူသံ၏ တိုက်ပျက်ကြီးထဲသို့ သုတ်ခနဲပြေးဝင်သွားတော့သည်။

''သား ... ''

''သား ... မသွားနဲ့ ... မလိုက်သွားနဲ့ ... ''

အူး ...

အု အု

အူး ...

သူတို့လင်မယားနှစ်ယောက်၏အော်သံသည်လည်း ထိတ်လန့်ဖွယ်ခွေးအူသံကြီးထဲနှစ်မြုပ်သွားသလို ...

သားငယ်မောင်မြတ်ရှသည်လည်း တိုက်ပျက်ကြီး၏အတွင်းသားနက်နက်ထဲ ငုပ်လျှိုးပျောက်ကွယ်သွားလေပြီ။

ထိုအချိန်မှာ တစ်ကိုယ်လုံးပျော့ခွေအေးစက် သတိလစ်သွားသောဖန်းသည်ကတစ်ဖက်၊ သားကတစ်ဖက် ညီ့ထွေးတစ်ယောက် မျက်ကလူးဆံပျာ ချာချာလည်ပူပန်တော့သည်။

ခွေးအူသံကြီးက မီးစွယ်ချီး မီးသတ်ဥဩသံတစ်ခုလို တိုးရှ်တိတ်သွား၏။

ညီ့ထွေးရင်ထဲမှာတော့ မီးဟုန်းဟုန်းတောက်နေချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

သားတော်ကံတွေ့

PASSIONATE GHOST FOR SON

သားစွန့်မဒီဒေဝီတ၏သောက၊ သားဆုံးပဋ္ဌာစာရီ၏ ပရိဒေဝနှင့်မခြား သားပျောက်မိခင်နီလေး၏ဗျာပါဒတို့ကား ငရဲမီးအလား ရင်ပူကျွမ်းလောင်ရပါသည်။

"စိတ်လှုပ်ရှားတဲ့ဒဏ်မခံနိုင်သေးဘူး၊ နှလုံးကအရမ်းအားနည်းနေတယ် ကိုညီ့ကိုထွေး၊ ဖြစ်နိုင်ရင် ကိုညီ့ထွေးအမျိုးသမီးကို သိပ်ပြင်းပြင်းထန်ထန် မလှုပ်ရှားစေနဲ့ဗျာ၊ အခုလောလောဆယ် စိတ်ငြိမ်ဆေးအရှိန်နဲ့ပဲနှိမ်းနေတယ်"

"တော်တော်နိုးရိမ်ရလားဒေါက်တာ"

"ဂရုတစိုက်ထားသင့်တယ်လို့ပြောရမှာပဲဗျ၊ နှလုံးဝေဒနာသည်တွေရဲ့ ကျန်းမာရေးကောင်း၊ ညံ့၊ သင့်ဆိုတာစိတ်ခံစားမှုအပေါ်မှာ (၈၀)ရာခိုင်နှုန်းမှီတည်တယ်ဗျ၊ ကိုပ်ဇာတိမို့လာမိပါတယ်၊ မပျော်ရသဲ့ ဒုက္ခခံဖို့ဖြစ်နေတယ်"

"ဘယ်တတ်နိုင်မလဲဗျာ၊ ဘဝဘဝကဆိုးခဲ့တဲ့ကံကျွေးပေါ့၊ ဒီအတွက်တော့ ကိုယ့်မွေးရပ်ဇာတိကို ရိုးမယ်မဖွဲ့ပါဘူးဒေါက်တာရယ်"

"ဟုတ်ပါ့ဗျာ ... ဒါပေမယ့် သူတော်ကောင်းနှလုံးသားရှိတဲ့လူအဖို့ လိမ့်လိမ့်လဲလဲတော့မဖြစ်ပါဘူး ... ဩော် ... ဒါထက် မနီလေးနိုးလာရင် ဒီဆေးကို အစာနဲ့တိုက်လိုက်နော်"

"ဟုတ်ကဲ့ ... ဒေါက်တာ ... နီလေး ညကတစ်ညလုံးကယောင်ကတမ်းအော်နေခဲ့တာဗျ၊ သားလေး အဲဒီထဲမဆင်းနဲ့ အမေ့ဆီပြန်တက်ခဲ့ပါ၊ အဲဒီထဲမှာ ငရဲခွေးကြီးရှိတယ်၊ သားကိုကိုက်လိမ့်မယ်ဆိုပြီး ခဏခဏလန့်အော်တယ်ဗျာ"

"ဒါကတော့ဗျာ ခွေးအူသံရယ်၊ တိုက်ပျက်ကြီးရယ်၊ မိုးခြိမ်းသံရယ် ချောက်ချားစရာအခြေအနေထဲမှာ သားတစ်ယောက် လုံးလုံးစုံးစုံးမြှုပ်ပျောက်ကွယ်သွားခဲ့အဖြစ်ဆိုးကြီး ပက်ပင်းကြုံလိုက်ရလို့ပါ၊ အရေးကြီးတာက ကိုညီ့ထွေး သားလေးကိုသာတွေ့အောင်ရှာပါ၊ မနေ့က ကလေးလိုက်ရှာကြတာ သဲလွန်စလေး ဘာလေးမရဘူးလား"

ညီ့ထွေးသက်ပြင်းလေးလေးကြီးချလျှက် ...

"မတွေ့ဘူးဒေါက်တာ ... တစ်တိုက်လုံးတစ်တောလုံး ခြေရာထပ်အောင်ရှာခဲ့ပြီးပြီ၊ သားသားကို လုံးဝလုံးဝကိုမတွေ့တော့ဘူး"

ပြောရင်းဆို့နင့်ကြေကွဲသံတို့ လည်ချောင်းမှာ တိမ်ဝင်ပျောက်ရှသွား၏။

"သားလေးမတွေ့ဘူးဟုတ်လား၊ မောင်လုံးဝအသုံးမကျဘူး၊ သားလေး မောင်မြတ်ရှကို နီလေးကိုယ်တိုင်လိုက်ရှာမယ် _ သားလေးကို မေမေကိုယ်တိုင် လိုက်ရှာမယ် သားလေးရေ ... သားမောင်မြတ်ရှ"

နီလေး၏သောကအပူ အော်သံဆူဆူကြောင့် ညီ့ထွေးပျာယာခတ်

www.burmeseclassic.com

www.burmeseclassic.com

သွားလေ၏။

"နီလေး ... သတိထားဦးလေ ... နီလေး"

"ကိုညီထွေးလည်း သတိထားဦးဗျာ _ မနီလေးကယောင်ပြီးအော်နေတာပါ။ ထားလိုက်ပါ မနှိုးပါနဲ့ လာဗျာ စိတ်ပြေလက်ပျောက် ကျွန်တော်အိမ်လိုက်လည်ဗျာ၊ ဘီယာသောက်ရင်း ရေးဟောင်းနောက်ဖြစ်တွေပြောရင်း စိတ်ဖြေရင်း အကြံဉာဏ်ထုတ်ကြရအောင်ဗျာ"

"သွားပါဒေါက်တာရယ် _ နီလေး"

"မနီလေးကျန်းမာရေးက ကိုညီထွေးမရိပ်မိကောင်းမှာဗျ၊ ဆေးနဲ့အနားယူနေချိန်လေဗျာ ... "

ညီထွေးလည်း စိတ်လောင်မြိုက်မှုများအားလုံး၏ ထွက်ပေါက်အဖြစ် ဒေါက်တာသိုးတစ်ဖြစ်လည်း သူငယ်ချင်းဝက်သိုးခေါ်ရာလိုက်သွားတော့သည်။

ဇနီးသည်၏မျက်နှာဖျော့ဖျော့ကို ငဲ့ကြည့်တော့ _

"သွား သွား _ သောက်သောက်စားစား မောင်မင်းကြီးသားမြန်မြန်ကြ နီလေးသားလေးကိုနီလေးဘာသာလိုက်ရှာတော့မယ် မောင်မြတ်ရှ သားလေးမမေလာပြီဟေ့ ... "

"ယောင်နေတာပါဗျ"

"ဟုတ်တယ်ဒေါက်တာ နီလေးကျွန်တော့်ကို ချစ်စနိုးနာမည်ပေးထားတဲ့နာမည်က သောက်သောက်စားစားမောင်မင်းကြီးသားတဲ့ ကျွန်တော်လည်း ဒီနာမည်နဲ့ ပညာသွားရာဓာတ်သက်ပါနေပြီဗျာ"

"တော်စမ်းပါညီထွေးရာ ... မင်းအကြောင်းမသိတဲ့လူမဟုတ်ဘူးပေ့ မင်းမိန်းမ ဖယညက်ခင်ကျောင်းသားဘဝကတည်းက မင်းဓာတ်သက်ကြီး

က ပါပြီးသား"

"အဲဒါမင်းဖျက်ဆီးလို့ ငါပျက်ရတာပဲ၊ သိုး ငါနဂိုက လူရိုး လူအေး"

"ဟား ... ဟား ... ဟား"

သူငယ်ချင်းတွေဆိုတော့ ပတ်ဝန်းကျင်လူသူကင်းမဲ့တဲ့ အချိန်မှာ တစ်ယောက်ရဲ့ဂုဏ်ပုဒ်တွေတစ်ယောက်က ရဲရဲဆွဲဖြုတ်လိုက်ကြ၏။ ပျော်ပျော်ပါးပါး။

ထိုအချိန်မှာ နီလေး၏အသံလုံခြုံလှမ်းတွေက အိပ်ခန်းရဲ့အပြင်သို့ တရွေ့ရွေ့ထွက်သွားခဲ့ပြီ။

တိတ်ဆိတ်သည်။

မြို့ငယ်လေးမို့အသွားအလာကျဲကာ တိတ်ဆိတ်သည်။ မိုးစွေညထဲ မြို့ငယ်လေးမို့ အသွားအလာကျဲကာ တိတ်ဆိတ်သည်။

မောင်ကတော့ သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် မကုန်နိုင်လေတိုင်း ဝိုင်းဖွဲ့လေမှာသေချာပေမယ့် နီလေးကတော့ ဖိခင်ဖြစ်ချိန်မနေသာပါ။

ဟုတ်သည်။ သားသည် သူမနှလုံးသား။

သားသည်သူမနေ့သစ်နေ့ခြည်။

သားသည်သူမ၏တောင်ကျစမ်း။

ပြီးတော့ ... သားသည် ... သူမ၏ အရာရာသာဖြစ်တော့သည်။

သားမရှိရင် သူမ ...

အို _ တွေးပင်မတွေးရဲလောက်အောင် သူမအတွက်အရေးပါဆုံးဟာသားဖြစ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သားကို _ မောင်ရှာလို့မတွေ့သေးဘူးတဲ့။ မောင်ရှာနေတာ ဘယ်
လောက်ကြာပြီလဲ။ တစ်ပတ်တိတိရှိနေပြီ။ မတွေ့ဘူး။ ဘယ်တွေ့မလဲ ...
သားလေးကိုချစ်တဲ့ မောင့်မေတ္တာက နီလေးရင်ထဲကမေတ္တာထုထည်လောက်မှ
မကြီးကျယ်၊ မကြီးမား၊ မကြီးမြတ်ပဲကိုး ...

သားကိုနီလေးတွေ့အောင်ရှာမယ်။

နီလေးမေတ္တာနဲ့ သားကို အန္တရာယ်ကင်းစွာပြန်လည်တွေ့စေရမယ်။

''အာ ... လာ လာ ... အာ ... နာလိုက်တာ ...''

သူမအတွေးလက်လွန်သွားသည်။ ဆူးချုံးတည့်တည့်တိုးမှ အတွေးမှ
ထနိုင်တော့သည်။

တဖောင်းဆူးချွန်ချွန်လေးငါးချောင်း သူမဘယ်ဘက်လက်မောင်းသား
ထဲနစ်ဝင်နေ၏။

''အ ...''

စွတ်ခနဲလက်မောင်းကို ဆူးချုံးထဲမှနှုတ်လိုက်ရ၏။

''အား _ ဟူး _ တော်ပါသေးရဲ့မျက်နှာနဲ့တည့်တည့်မတိုးမိလို့''

သူမဘယ်လက်မောင်းကို ညာလက်ဖဝါးနဲ့ ဖွဖွပွတ်သပ်ရင်း ဘေးဘီ
ဝဲယာကိုကြည့်လိုက်တော့ _

''အိုး _ ငါ _ ငါ _ ခွေးအူသံတိုက်ပျက်ကြီးဆီရောက်နေပါလား''

သူမ ခြေသံခပ်အုပ်အုပ်နဲ့ အသော့လှမ်းကာတိုက်ပျက်ကြီး၏ အဝင်
အမောင်ရိပ်မှာ ခိုဝင်ထိုင်ချလိုက်၏။

ထိုစဉ် ...

ရုပ် ...

ရုပ် ...

ခြေသံတရုပ်ရုပ်ကြား၍ နီလေးအလန့်တကြားလှမ်းကြည့်မိစဉ်တွင် -

''အမေ့ ...''

အသက်ရူရပ်မတတ်ထိတ်လန့်ခြင်းကြောင့် အော်လုအော်ခင်ပါးစပ်ကို
သူမ သတိမလွတ်စွာ အပြန်ပိတ်လိုက်ရ၏။

ကြောက်လန့်မှုကတော့ရင်နှင့်မဆန့်။

သူမမျက်နှာတစ်ခြမ်းသည် ညှို့စို့စို့၊ စိုစိစိ။ အသားစိမ်း အသားတွဲ
နီရဲရဲကြီးနှင့် မကွဲမကွာ ထိစပ်ပူးကပ်သွား၏။ သူမမျက်နှာနှင့်အသားတွဲ
တစ်သားတည်း ...

သွေးညှို့နှံကြီးကို ထိတ်လန့်ရွံရှာပေမယ့် သူမ မလှုပ်ရဲပါ။ အသက်ပင်
အောင့်ကာငြိမ်သက်နေရသည်။ သို့ပေမယ့် မျက်လုံးသူငယ်အိမ်ကိုတော့ ဝေ့
လိုက်၏။

သူမမျက်နှာတစ်ခြမ်းအပ်မိလျက်သားထိနေသောအရာသည် အသား
တွဲကြီးဖြစ်၏။ အမဲသားတွဲကြီးဖြစ်လိမ့်မည်။

ထိုမှတစ်ဖန် အထက်သို့မျက်လုံးလှန်ပြီးကြည့်သောအခါ သူမတစ်ကိုယ်
လုံး ကြက်သီးမွေးညှင်းတွေ အဖြီးဖြီးထသွားသည်။ တစ်ကိုယ်လုံးသွေးရဲရဲ သံရဲရဲ
ဆုံပင်ဖျားလျှားချမိန်းမတစ်ဦး _ သွေးအလိမ်းလိမ်း ကပိုကရို အဝတ်အစားတို့
ဝတ်ဆင်ရပ်နေသည်။

သူမအားငံ့ကြည့်လိုက်သောအခါ သူမနှလုံးသားတစ်ခုလုံး ဂျွမ်းထိုး
မှောက်ခုံပြုတ်ထွက်လာမှု ဆတ်ဆတ်ခုန်သွား၏။

ကြောက်လန့်လိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com

ထိုအမျိုးသမီး၏မျက်လုံးအစုံသည် လက်ထဲမှအမဲသားတွဲလို ... ရဲရဲနီသွေးခဲကြီးနှစ်လုံးဖြစ်နေပါတော့သည်။

နီလေးနှင့်ထိုမိန်းမ တစ်ယောက်ကိုတစ်ယောက် မျက်ခြည်မပြတ်ကြည့်နေမိကြ၏။

နီလေး ကြောက်လန့်လွန်းလို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။ ထို့နည်းတူ ကြောက်မက်ခြင်းအတိုင်းသောထိုမိန်းမသည်လည်း တဆတ်ဆတ်တုန်လှုပ်လျက်ရှိ၏။ ဘာကြောင့်မသိ။ ကြောက်မက်ဖွယ်ရုပ်သွင်သဏ္ဌာန်ကြီးထဲမှာ ခွေးထွေးမှုတစ်စုံတစ်ရာရှိနေသည်ဟု နီလေးခံစားရသည်။

သူမအံ့သြခြင်းအနည်းငယ်နဲ့ ထိတ်ထိတ်ပျာပျာကြောက်နေချိန်မှာပင်–

"အူး ... "

ခွေးအူသံနက်နက်ကြီးကြားလိုက်ရ၏။ အသံနှင့်တစ်ပြိုင်နက်ထဲ တွေ့လိုက်ရသည်က သူမတို့ရှိရာသို့လှမ်းလာနေသော ... လူခါးပန်းလောက် အရပ်မြင့်သည့် ဧရာမခွေးနက်ကြီး ဖွေးဖွေးလက်လက်ဥစွယ်များဖွေးလျက် နီလေးထံကြည့်နေ၏။ နီလေးတစ်ကိုယ်လုံး ရှိန်းဖိန်းသွား၏။

ခွေးနက်ကြီး၏နောက်မှာတော့ ... ချောမောလှပလွန်းသော မိန်းမပျိုတစ်ယောက် တည်ငြိမ်သောခြေလှမ်းများနှင့် တစ်လှမ်းချင်းလှမ်းလာ၏။

လှပမှုနှင့်မလိုက်ဖက်စွာ မျက်ဝန်းတို့ရှိနှာကြည်းခြင်း၊ သွေးအေးမှု ရက်စက်တတ်ခြင်းနှင့် စနစ်တကျလက်စားချေလိုခြင်း အရိပ်များက သူမ ဝတ်ဆင်ထားသော ဝတ်ရုံစိမ်းကြီးလို တလက်လက်စိမ်းဖန်နေပါ၏။

ထိုအကြည့်ပူပူများကြောင့် နီလေးမျက်ဝန်းတို့၌ မျက်ရည်ဥတွေ

အလိုလိုစို့တက်လာ၏။

ထိုအခိုက် ... ဝတ်ရုံစိမ်းကြီးတစ်ချက် လွှင့်ခနဲမြောက်သွား၏။ ဝတ်ရုံစိမ်းအောက်မှာ ကလေးငယ်တစ်ယောက်ကို ခြေကလန်လက်ကလန်ဆွဲထုတ်လိုက်၏။

"သားလေး ... မေမေ့သား ... "

နီလေးကြည်နူးပျော်ရွှင်စွာ ဝုန်းခနဲထရပ်လိုက်ပြီး သားလေးကိုအော်ခေါ်လိုက်၏။

"မေ ... မေ ... "

"သား ... "

"မေ ... မေ ... "

"သား ... "

"မေ ... မေ ... "

သားလေးနှင့်သူမအပြန်အလှန်အော်ခေါ်ကြရင်း ပြေးလာချိန်မှာ–

ဝတ်ရုံစိမ်းနဲ့မိန်းမပျိုသည် သူမဝတ်ရုံကြီးထဲသို့ သားငယ်လေးမောင်မြတ်ရှုကိုဆွဲသွင်းလိုက်၏။

"ဒီလိုလွယ်လွယ်နဲ့ရရှိးလား ... ကိုယ့်သားကိုယ်ပြန်လိုချင်ရင် နင့်အသက်နဲ့လဲရမယ် ဆန္ဒရှိရင်ငုံ့နောက်လိုက်ခဲ့၊ အေးအေးဆေးဆေးစဉ်းစားတစ်ပတ်တိတိအချိန်ပေးမယ်၊ တစ်ပတ်ပြည့်လို့မှ ပြန်မလာရင်တော့ နင်ဟာနင့်ကိုနင်လောက် ကလေးအပေါ်မချစ်နိုင်တဲ့ မိခင်စိတ်ကင်းမဲ့တဲ့မိန်းမလို့ပဲ ငါသတ်မှတ်တယ် ဟား ... ဟား ... ဟား"

"သား ... သား ... "

www.burmeseclassic.com

www.burmeseclassic.com

သူမအသံကုန်အော်နေ၏။

အော်သံထဲမှာပင် အသက်ပါသွားပြီထင်ပါ၏။

သားလေးမရှိတော့ပြီလေ ...

သူမတစ်ထိုင်တည်း ဆုံးဖြတ်ပြီးသားကို ကယ်တင်ခြင်းမပြုမီသည့် အတွက် နောင်တမျက်ရည်တွေ တတောက်တောက်ကြွေဆင်းသွား၏။

"အီး ... ဟီး ... ဟီး ... အီး ... "

သူမကြက်သီးထလန့်ဖျတ်မိသည်။

ငိုရှိုက်သံသည် သူမ မကြားဖူးသော နက်ခြောက်ခြောက် ပြာအက် အက်အသံကြီးပါလား ...

သူမကိုယ်သူမ အထိတ်တလန့်ငုံကြည့်လိုက်၏။ လက်ထဲမှာလည်း တစ်ခုခုကိုဆွဲကိုင်ထားမိသည်။

ထိုအခါ သူမသည် သူမ မဟုတ်တော့ဘဲ တစ်ကိုယ်လုံးအမဲသွေးတို့ ဖြင့်ချင်းချင်းနီနေသော တစ္ဆေတစ်ကောင်ဖြစ်နေပါတော့သည်။

အခန်း (၃)

မလက်တိုနှင့်ခွေးနက်ကြီး

MA-LET-TO WITH HER DOG

"သောက်ကြစမ်း _ စိတ်တိုင်းကျသောက်ကြစမ်း၊ မင်းတို့သောက် သမျှ ငါတာဝန်ယူတယ်၊ ဟောဒီက ပေသီးတာဝန်ယူတယ်ကွ၊ ငုံယောက္ခမကြီး ဦးလေးဆိုင်ရဲ့ထန်းတောကထွက်သမျှ မင်းတို့အန်ဖက်ဆို့အောင်တိုက်မယ်၊ ဘတ်ချလာနိုက်ပါတီအဖြစ် ငါတိုက်တယ်၊ အောင်ချမ်းသာရွာသစ်တစ်ရွာလုံး လာသောက်ရင်သောက်လှည့်ဦး ပေသီးတို့တိုက်ဦးမှာဗျာ ... ရင်ရင်လေးနဲ့ နှစ်ပါးသွားဂဟေဆက်တဲ့ညမို့ ပေသီးတိုက်တာ ဘယ်သူဂရုစိုက်ရမှာလဲ၊ ရင်ရင်လေး ကိုပေသီးတစ်ခွက်သောက်ပြီနော်"

"ပေသီး _ မင်းသိပ်မသောက်နဲ့တော့များနေပြီ"

"များပါဘူး ဖိုးသင်းရာ _ ပေသီးနေ့တိုင်းထိုးလဲအောင်သောက်နေတာ ဘယ်တုန်းကမှမများဘူး၊ အလကားပါကွာ ... ရွာထဲကဓိန်းမတွေက ... ကိုပေသီးထန်းရေသမား၊ အရက်သမားနဲ့ နာခေါင်းရှုံကြတယ်၊ ထို့ ... အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေ ကြောက္ခလိုက်လားပုန်ညားပါစေဗျာ ... ''

''ကိုပေသီး သတိလည်းထားဦးနော် ... ကြောက္ခလိုက်လားပု ဒီညစင်ဗျားအိမ်ထဲရောက်လာမှာ ကျိန်းသေတယ်နော်၊ ဒီကောင်ကအတွဲချောင်းဖို့ဆိုရင် ဇတ်ပြတ်ရင်ပြတ်ပါစေ ... ဆိုတဲ့ကောင် ဘာအောက်မှတ်လို့တုန်း အတွဲချောင်းဝိဇ္ဇာ ... ကလားဗျ''

''ဟေ့ကောင်တွေ ... တိုးတိုး ... တိုးတိုး ... ဟိုမှာ မည်းမည်းလုံးလုံးနဲ့မဲလုံး _ အဲလေ ကုလားပုစက်ဘီးနက်ပုန်းဘယ်သွားတယ်မသိဘူး''

''ပေသီးတို့လင်မယားကိုချောင်းဖို့ ပြို့တက်ပြီးမှန်ပြောင်းသွားဝယ်တာဖြစ်မှာပေါ့၊ ဒါမျိုးဆို ဒီကောင်ကဘယ်လောက်ကုန်ကုန်မနမြောဘူး''

''ကြောက္ခလိုပါဆိုမှ ဒီငွေဒီခွေဝယ်ဖို့၊ စာအုပ်ဝယ်ဖို့၊ မှန်ပြောင်းဝယ်ဖို့ လောက်ပဲ ငွေကုန်ပေါက်ရှိတာဟာ၊ ငါတို့လို အရက်ဖိုး၊ အမြည်းဖိုးကုန်ဖို့မရှိဘူး''

''ကိုပေသီးရေ ကြောက္ခလိုက်လားကတော့ ထရံချောင်းဖို့အကြံကောင်းတွေထုတ်နေပြီ''

''မင်း _ ဒါကြောင့်လိုချင်ရက်နဲ့ မိန်းမ မရတဲ့လူပျိုကြီးဖြစ်နေတာ (Observation) ပတ်ဝန်းကျင်လေ့လာမှု နိမ့်ပါကွာ ပေးစမ်းတစ်ခွက် ... ''

ပေသီးက ဖိုးသင်းခပ်ပေးသည့် ထန်းရေတစ်ခွက်ကိုမော့ချပြီး ခံတွင်းရှင်းချောင်းဟန့်နေ၏။

''အဟမ်း ... ဒီည ကြောက္ခလိုက်လား ငါ့ထရံနားကိုရွေပေးခေါ်လို့ တောင်မလာဘူး ဖိုးသင်းရေ ... ''

''ဟေ ... ''

''ဟာ ... ''

''ဟုတ်ပါ့မလား _ ဘာလို့တုန်းဟ''

အားလုံး၏ တအံ့တသြအသံများထွက်လာ၏။

''ဒီည ဒီကောင်ရွာမှာမရှိဘူး၊ အောင်ချမ်းသာရွာဟောင်းကိုသွားမှာ ... ''

''ရွာဟောင်းမှာ ဘာမှ မှမရှိတော့တာ ဘာလို့သွားမှာလဲ ကိုပေသီးရာ''

''မသိရင်အသာနားထောင် ဒီကောင်မြားတစ်စင်းနဲ့ ငှက်နှစ်ကောင်ဖမ်းဖို့ချောင်းနေတာ''

''ရှင်းရှင်းပြောဗျာ''

''အဲဒီငှက်နှစ်ကောင်ဆိုတာ မလက်တိုသားအမိပဲဟော့ကောင်ရေ၊ ရွာသစ်ကိုလိုက်မပြောင်းဘဲ ရွာဟောင်းမှာနေခဲ့တဲ့ မလက်တိုအဖေဦးသိန်းအောင်ကြီး ပိုးထိပြီးဆုံးတာ ဒီနေ့ဆိုတစ်နှစ်ပြည့်ပြီ၊ ဒီပွဲကိုဒီကောင်အလွတ်မခံဘူး၊ မလက်တိုအမေ ဒေါ်ပျိုတင်နဲ့ ကြောက္ခလိုငြိုနေတာ ငါးလလောက်ရှိနေပြီ''

''ဩော် ... အဲလိုကြီးလား ... ကိုပေသီးက အဲလိုတော့လည်း ပါးရည်နက်ရည်ရှိပါလား''

ပေသီးနောက်တစ်ခွက် ခွပ်ခနဲမော့သောက်လိုက်ပြန်၏။ ပြီးတော့ ခွက်ကို ခွပ်ခနဲဆောင့်ချကာ ...

''ဒါပေါ့ ဖိုးသင်းရာ _ အဲဒါကြောင့် မင်္ဂလာရက်ကိုရွေးကတည်းက ဦးသိန်းအောင်ကြီး နှစ်လည်မယ့်ရက်ကိုရွေးလုပ်ခဲ့တာဟေ့ ... ဟား ဟား ဟား ဟား''

တဟေးဟေး တဟားဟားနဲ့ ပေသီးတို့အုပ်စုအော်ဟစ် သောက်ကြား

www.burmeseclassic.com

www.burmeseclassic.com

ပျော်ပါးနေချိန်မှာ အောင်ချမ်းသာရွာဟောင်းရှိ မလက်တိုလေးခမြာ ကျဉ်းထဲ
ကြပ်ထဲရောက်နေကာ ခွေးပုံနေရှာ၏။

"အမေ ဆွမ်းချိုင့်သွားပို့တာ၊ ဦးကုလားလာရင်ဘုန်းကြီးကျောင်းလိုက်
ခဲ့ဖို့မှာသွားတယ်"

ဟုပြောလျှက်နဲ့ ...

"မလိုက်တော့ပါဘူး ... ကိုယ် အိမ်မှာပဲထိုင်စောင့်မယ်၊ ဘာလဲ
သမီး ဦးစောင့်တာ သဘောမကျလို့လား"

ဖျတ်ခနဲထိုင်ရာမှထလိုက်၍ မလက်တိုအားနာသွား၏။ အမေ့ကို ပြန်
တိုင်ရင် မလက်တိုအဆူခံရဦးမည်။

"ဟို _ သမီးက အဲလိုပြောတာမဟုတ်ဘူး၊ ပြန်ထိုင်ပါရှင် ပြန်ထိုင်
ပါ"

"ရတယ် _ ကိုယ်ခြုံပြင်ကပဲစောင့်မယ်"

"မဟုတ်တာ ဦးကုလားရယ် ထိုင်ပါ"

ဦးကုလားအပြင်ထွက်ရန် ဟန်ဖေးပြ၏။

မလက်တိုက ပြန်ထိုင်ရန်လက်တကာကာနှင့်တား၏။ ဒီတင် မလက်တို
ရဲ့ မတိုသောညာလက်က ကြာကူလီ၏မျက်လုံးကိုထိသွား၏။

"အား _ ဘယ်လိုလုပ်လိုက်တာလဲ သမီးရယ် _ ဦးကိုအဲလောက်
တောင်မုန်းသလား"

"ဒုံး ... မဟုတ်ဘူး၊ မလက်တိုက တမင်တကာလုပ်တာမဟုတ်
ဘူး"

မလက်တို ပျာယာခတ်ပူလောင်နေသလို မျက်စိကိုတကယ်မထိ

မှုယာမာယာများသောကြာကူလီ၏ မမြင်စမ်းရမ်းလက်သရမ်းများက _

အပျိုစင်မလက်တိုလေး၏ ...

လက်တစ်ဖက်တည်းရှိသည့်အားနှင့် မိန်းမငယ်လေး၏ရုန်းကန်မှုများ
အာသာငမ်းငမ်း ကြာကူလီကလားပုတ်၏ ခွေးသံရွဲရွဲ အဆီအစ်အစ်
မျက်နှာကြီး ...

အော်ဂလီဆန်ပျို့တက်လာသော မသတီခြင်းများ လည်ချောင်း
တစ်ခုလုံးမီးသင့်သွားသလိုလိုခြောက်ကပ်ကပ် _

မျက်ရည်ပေါက်ကြီးများက ဆည်တာကျိုးတာရိုးလို _

ကူကယ်သူမရှိ၊ ဖတစ်ဆိုး၊ မွေးရာပါဘယ်ဘက်လက်၊ လက်မောင်း
ရင်းတိုနေသော အပျိုရိုင်းလေးအဖို့ အလိုမတူပါဘဲ အတူလိုလားခဲ့မိသည်။

သို့တိုင် ... အမုန်းမီးဟုန်းဟုန်းမငြိမ်းနိုင်ပေ။ အာခေါင်ခြစ်ပြီး
ကယ်တင်သူကိုတမ်းတစွာ အော်ခေါ်လိုက်၏။

"နက်ကျော်ရေ ... နက်ကျော်"

ငယ်သံပါအော်သံအဆုံး _ အရိပ်မည်းကြီးတစ်ခုလွှားခနဲခုန်ဝင်လာ
၏။

ဂူးခနဲ _ ဂဲခနဲ သခင်မအတွက်လက်စားချေသော ခွေးနက်ကြီး၏
သွားစွယ်ချွန်ချွန်များက ကြာကူလီလည်ချောင်းကိုမလွတ်တမ်း ကိုက်ခဲလိုက်တော့
သည်။

မျက်ရည်စီးဆင်းဆဲ မလက်တို၏မျက်ဝန်းများ နာကြည်းရိပ်တို့ဖြင့်
စိမ်းစိမ်းလက်လက် ...

တာဝန်ကျေပြန်နက်ကျော်၏ အောင်သေအောင်သား အောင်သွေး

www.burmeseclassic.com

www.burmeseclassic.com

သောက်အပြီး ကြိုးဝါးသံကြီးက ကြာကူလိုက်လားအား ငရဲပြည်အရောက်ပို့ပေး
မည့် ရထားတစ်စင်း၏ဥဩ ဆွဲသံလို ...

အူး

အု အု

အူး ...

ဂျုံဂျုံဂျုံ

အခန်း (၄)

ဆွေးပြေးဝက်ပြေး တန်ဆေကလား

LIBIDINOUS ROTTER

"ကိုပေသီး"

"ဟေး"

"လာဦး"

ယာတောမှအပြန် လှည်းချွတ်(လှည်းဖြုတ်) နွားချည်ပြီးခါစရှိသေး၏။ မိန်းမဖြစ်သူရင်ရင်လှမ်းခေါ်သဖြင့် ပေသီးစိတ်ထဲနည်းနည်းဆန်းသွားသည်။ အခါတိုင်းဆိုလျှင် ပေသီးကတချော့တမော့ခေါ်ပါလျက်နဲ့ ဘုဘုဘောက်ဘောက် ပြောလေ့ရှိသော ရင်ရင့်လေသံချိုနေတာ တစ်ခုခုတော့တစ်ခုခု ...

"ငါ့မိန်းမ မျက်နှာချိုသွေးလေသံညက်လို့ပါလားဟေ့ ... စိတ်ချမ်းသာစရာတစ်ခုခုရှိနေပြီထင်တယ် ... ကိုပေသီးအထင်ပြောရရင် ... "

" ... "

ရင်ရင်ဘာမှမပြောဘဲ သူလင်သားကိုသာ ခပ်ပြုံးပြုံးကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

မှ နည်းပလေတယ်''

''ရှက်သွားတယ် ... ရှက်သွားတယ် ... ဟုတ်နေပါပြီ''

''ဘာမှမဟုတ်ဘူး ... ရှက်တာက ရှင်အာကျယ်လို့ရှက်တာ''

''ဒါဆို ဘာဖြစ်နိုင်သေးလဲဆိုတော့ ... ''

''တော်ပါတော့တော် ... ကိုယ်ထင်တိုင်းဥပဒေလျှောက်တပ်ရအောင်က တော့်ကိုတော့် ပြိတ္တာဘုံသွားမယ့်တရားသူကြီးများမှတ်နေသလား။ ဒီမယ်ကျုပ် ပြောမယ် အဖေကမြို့ကပြန်လာလို့ ရှင့်အတွက်ဝီစကီဆိုလားဝယ်လာတယ်''

''ဟာ ... ယောကျ်ားကြီးက တယ်လိမ္မာနေပါလား''

''တော်နဲ့တော့ တခြားစီပဲနော်၊ အဖေကဖြင့် သူသမက်လေး ဒီတစ်ယောက်ရှိလို့ချစ်ရှာတာလေ ... ဟင်း ... သမက်ကဖြင့် မပြောလိုက်ချင်တော့ဘူး''

''ရင်ရင် ... မင်းစကားပြောတာဆင်ခြင်ကွာ ... သမီးတစ်ယောက်ပဲ ရှိတာ သမက်တစ်ယောက်ရတော်ပြီပေါ့၊ ဘယ်နှစ်ယောက်လိုချင်သေးတာတုန်း၊ ဒါမျိုးကတော့စင်ပြိုင်လာမလုပ်နဲ့ ပေသီးတို့ကဓားရိုးဆောင့်ပြီးတော့ကို ကန့်ကွက်တယ်''

''ကဲပါတော် ... စကားအဖြစ်ပြောတာပါတော်၊ အူတိုမနေစမ်းပါနဲ့ တော့်မယား မိမိရင်လိုမိန်းမမျိုးကို ဘယ်ယောကျ်ားမှစိတ်မဝင်စားပါဘူး အသားဖြူတာလေးကလွဲရင် ဘာမက်စရာရှိလို့တုန်း၊ အရပ်ကပုပု၊ အကောင်ကသေး၊ နဖူးပြောင်ပြောင်၊ သွားခေါခေါ၊ ခြေခွင်ခွင်၊ ဗုဒ္ဓဟူးသမီးမိန်းကလေးပီပီ၊ အူကရွဲရွဲ ရင်ခုန်စရာဆိုလို့မူးလို့ရူစရာတောင်မတွေ့ပါဘူး၊ တော်သာ ဘယ်လိုက ဘယ်လိုမျက်စိလည်လမ်းမှားပြီး ကြိုက်မိသွားတယ်မသိဘူး''

ပေသီးကဆက်၍ ...

''ဟုတ်ပါပြီ ... အမွေရတော့မို့နဲ့တူတယ် ဟုတ်တယ်မလား''

''အိုး ... တော်ကလည်းတော် ... မပြောကောင်းမဆိုကောင်း ဖွဟဲ့ လွဲပါစေ ဖယ်ပါစေတော် ... ''

''ဟောဗျာ ... အမွေရမယ်ပြောတာစိတ်ဆိုးစရာလား ... ပျော်ရမှာ ရင်ရင်ရ ... ''

''တော်ကလည်းတော် ... အဖေ့ကိုအဲလောက်မုန်းသလား၊ အဖေနဲ့ တော်နဲ့ ဘယ်တုန်းကရန်ငြိုးရှိလို့လဲ''

''ကိုယ်ဘာပြောမိလို့လဲ''

''တော်ပဲ အမွေရတော့မှာဆို ... တော့်တက်မှာ အမွေနဲ့ပတ်သက်လို့ မြေတစ်ကွက်၊ နွားတစ်ဖက်တောင်ရှိတာမဟုတ်တာ၊ ရှိသမျှမြေတွေယာတွေ အားလုံး တော့်အဖေက တော့်ညီနှစ်ယောက်နဲ့ ညီမတစ်ယောက်ကို အမွေခွဲပေးလိုက်ပြီပဲ ... တော့်ကိုတော့ ဆယ်တန်းထိကျောင်းထားပေးခဲ့ရလို့ ဖခြယာကျွေးရှာ ဘာတစ်ခုမှအမွေမပေးနိုင်ဘူးလို့ပြောထားတာ တစ်ရွာလုံးသိတယ်၊ တစ်ဦးတည်းသော မိတဆိုးသမီး ကျုပ်ဘက်ကအမွေရဖို့ဆိုရင် ကျုပ်အဖေသေဖို့ နှီးပြီလားလို့မေးတာနဲ့ ဘာထူးသေးတုန်း ... ရက်စက်ပါ့တော် အံ့ပါရဲ့ ... ''

''ကိုပေသီး အဲလောက်ထိ ရည်ရွယ်ချက်မယုတ်မာပါဘူး မိန်းမရယ်၊ စိတ်မဆိုးပါနဲ့ကွာ ... ဒါဖြင့် ဘာဖြစ်မလဲ ... ဟာ ဟုတ်ပြီကွ ... မင်းဗိုက်ထဲမှာ ကိုယ့်ရင်သွေးလေးလွယ်တားရပြီလို့ တိုးတိုးပြောမလို့မဟုတ်လား ... ''

ဟု ပေသီးကအော်ကြီးဟစ်ကျယ်မေးတ၏။

''ဟောတော်ရယ် ... ကိုပေသီး ... တော့်နှယ်တော် ... အရှက်နည်း

www.burmeseclassic.com

www.burmeseclassic.com

ရင်ရင် သူမကိုယ်သူမ ပျစ်ပျစ်နှစ်နှစ်ချီးပွမ်းခန်းဖွင့်တော့ စားပွဲပေါ်က ပီစကီပုလင်းဆီအကြည့်ရောက်နေသော ပေသီး နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်၏။

"ရုရှားကဗျာဆရာကြီးယပ်တူရှင်ကိုက ကျစ်ဆံပြီးဆိုတာ ဘူဇွာလက် ကျန်လို့ဆိုတာ ငါမိန်းမကိုမမြင်ဖူးလို့ပါ၊ ငါမိန်းမရင်ရင်သာကျစ်ဆံပြီးကျစ်ထား ရင် တစ်ကမ္ဘာလုံးကအလှမယ်တွေ လက်ဖျားခါသွားရမှာပါ"

"အရုပ်ဆိုးလွန်းလို့ဖြစ်မှာပါတော်"

"မဟုတ်ဘူး ကမ္ဘာတည်သရွေ့စံပြလောက်အောင် ကျက်သရေရှိလို့ ကွ"

"ကိုပေသီး ... "

"ဟေ ဟ"

"တော် ... တောထဲမှာ ရှင်ဘုရင်တရဖျားလို နတ်သမီးနဲ့တွေ့ပြီး စိတ်ဖောက်နေတာလားတော် _ "

"မဟုတ်ဘူး ... အဟုတ်ချစ်လို့မိန်းမရဲ့"

"တော်စမ်းပါတော် _ နားရွက်စရာ ကျုပ်ဝမ်းသာနေတာ၊ ဒီအရက်ကုန်ရင်လည်း အိမ်မှာပဲဝယ်သောက်ပါတော်"

"အေးပါကွာ _ ဒါထက် အဖေကသူကိုယ်တိုင်ဝယ်လာပြီး သူသောက် မသွားဘူးလား"

"အဲဒီပုလင်းကတစ်ဝှဲသောက်ကြည့်ပြီး ပိုးဟပ်စော်နံလို့တဲ့ ထွေးထုတ် ပြီးသွားတောင်တိုက်သွားတယ်၊ အရက်ကညံ့တယ်ဆိုပြီး ပုလင်းခွဲပစ်မလို့လုပ်နေ လို့ ကျုပ်ကအတော်တားခဲ့ရတာ ကိုပေသီးကြိုက်မှာပါလို့ မနည်းတားထားရတာ"

"ဟား ဟား ဟား _ ငါမိန်းမ အဲဒါမှပေသီးမိန်းမကွ _ ချစ်စရာ ကောင်းလိုက်တာကွာ"

ပေသီးက တကယ်မြတ်နိုးစွာ မိန်းမ၏ကျစ်ဆံပြီးလေးကို တမြတ်တနိုး မွေးကြူပြီး တင်းရင်းစွာတိုးဖက်လိုက်၏။ ခြေလှမ်းတွေက အိပ်ခန်းဆီသို့ ပြိုင်တူ မြန်မြန်။

ပြီးတော့အနမ်းတွေက မျက်နှာအနှံ့ နမ်းမဝနိုင်၊ ရင်ခုန်သံတွေက မင်္ဂလာဦးညတုန်းကအတိုင်း မလျော့မပါး ခုန်လွန်းနေကြစဉ် ...

"အမလေး ... လူလူလူ ... အမလေးရှက်လိုက်တာ"

မိန်းမဖြစ်သူ ထိတ်လန့်စွာလက်ညှိုးညွှန်အော်ပြီးရှက်ရွံ့စွာ စောင်တစ် ထည်ဆွဲခြုံလိုက်စဉ်မှာ ပေသီးလည်ပြန်ကြည့်လိုက်၏။

"ဟင် _ ကြာကူလီကုလားပါလား သေပေတော့"

ခုတင်ခေါင်းရင်းမှ ငှက်ကြီးတောင်ဓားကြီးကို လှစ်ခနဲဆွဲပြီး ... ခုတင်ခြေရင်းမှာရောက်နေသော ကြာကူလီလည်ပင်းကိုဝှစ်ခနဲပိုင်းခုတ် ခုတ်ပိုင်း လိုက်တော့သည်။

"အား ... "

ကြာကူလီခေါင်းငုံ့အပြန်ရောင်၍ ဓားချက်ကဆံပင်မွေးကိုသာထိသွား ၏။

နောက်တစ်ချက် ဒေါသမပြေနိုင်စွာပေသီးဓားချက်ဝင့်လိုက်သည့် တွင်-

ကိန် ... ကိန် ... ကိန် ...

ထွက်ပြေးသွားသောကြာကူလီကုလားသည် ကုလားမဟုတ်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ...

ရှပ် ...

ရှပ် ...

လူခြေသံကြားရှိလှည့်ကြည့်ကြတော်။ သို့သော် မည်သူမျှမရှိ။ ခြေသံလည်း ဆက်လက်ထွက်ပေါ်မလာတော့ဘဲ တိတ်ဆိတ်သွားတော်။

"ဘာမှမဟုတ်ပါဘူး မိန်းမရယ် _ သောက် သောက် ရေသောက်လိုက်"

ရင်ရင်လည်း ဖြစ်ပြီးသမျှအားလုံးကိုမေ့လျော့ပစ်လိုက်တော်။ စောစောက သူမတွေ့လိုက်ရသော ကြာကူလီကုလားတော်မျက်နှာကို မြင်ယောင်မိသည်။ ထူးထူးဆန်းဆန်း ဒီတစ်ကြိမ်မှာတော့ ဘယ်တုန်းကမှ ကြည့်မရခဲ့သော ကုလား ကိုသနားသလိုဖြစ်မိတော်။

ထိုအချိန်မှာတော့ သူမသောက်မိသောရေနှင့်အတူလွင့်ဝဲနေသော ဆံပင်မွေးတစ်မွေး ဝိုက်ထဲရောက်သွားတာကိုတော့ လင်ရောမယားပါသတိမမှိုမိကြပါ။

ခွေးနက်ကြီးတစ်ကောင်ဖြစ်သွားသည်ကို ပေသီးမြင်လိုက်ရတော်။

ပေသီးလက်ထဲမှ ဓားကြီးလွတ်ကျသွားတော်။

စိတ်တွေဂယောက်ဂယက်ထကာ ပြူးကျယ်သောမျက်လုံးအစုံဖြင့် ခွေးကြီးထွက်သွားရာသို့ မှင်တက်ငေးနေမိတော့သည်။

"မိန်းမ ... မိန်းမ ... ထ ... ထ ... ကြာကူလီကုလားသေပြီ"

"ဟင် ... တော် ... သတ်လိုက်ပြီလား ... ဒုက္ခပါပဲရှင် ... တော်ဒုက္ခရောက်တော့မယ် _ ဘာလို့ ... ဘာလို့ _ သတ်လိုက်ရတာလဲ ကိုပေသီးရယ်"

မိန်းမဖြစ်သူ သွေးပျက်ချောက်ချားစွာ ငိုသံပါကြီးနဲ့အော်ငိုတော်။

"မဟုတ်ဘူး _ ငါသတ်တာမဟုတ်ဘူး _ မင်းနဲ့ငါတွေ့လိုက်ရတဲ့ ကြာကူလီကုလားက လူမဟုတ်တော့ဘူး တစ္ဆေ _ "

"ဟင် ... တစ္ဆေ"

"ဟုတ်တယ် _ ငါလည်းဓားနဲ့ခုတ်လိုက်ရော _ ခွေးနက်ကြီးဖြစ်ပြီး ထွက်ပြေးသွားပြီ ... "

လင်မယားနှစ်ယောက်သား ဝုက်ကြီးတောင်ဓားနဲ့ခုတ်မိသော ဆံပင်မွေး တို့ ထရံကြားလေးနဲ့အတူ လွင့်မျောပျောက်ကွယ်သွားသည်ကိုသာ ထိတ်လန့် နေမိတော့သည်။

"ကြောက်လိုက်တာ ကိုပေသီးရယ် _ ကျွန်မကို ရေအေးအေးလေး တစ်ခွက်လောက်တိုက်ပါတော် _ "

ပေသီးရေအိုးစင်မှသောက်ရေတစ်ခွက် လျင်မြန်စွာခပ်တိုက်လိုက် တော်။

www.burmeseclassic.com

www.burmeseclassic.com

"ပြောလည်းပြီးနေပါပြီ ကိုကျိုးဖြူရယ် ... ဒီထပ်ထပ်ပြောရင် ကလေးတွေအမေတွေကို ကိုကျိုးဖြူဆီကြိုးတုပ်အပ်ရုံပဲကျန်တော့တယ် _ "

"ဆောရီ မလက်တို _ ကိုယ်ကအန္တရာယ်မြင်လို့စိတ်ပူပြီး ဒေါသငွေ့လောင်သွားရတာပါ။ ဒီနှစ်ပေအချင်းပိုက်ကြီးတွေနဲ့ ကြိတ်မိလို့ကတော့ အရိုးရော အသားရော မြေကြီးပေါ်ကနေ ပေါက်ပြားနဲ့ခြစ်ယူရလိမ့်မယ် ... "

"မလက်တိုသိပါတယ်ရှင် _ ဒါပေမယ့် _ ကိုယ့်သားသမီးမဟုတ်ဘူးလေ ... နင်ပဲဆပြော့လို့ ဘယ်ကလေးမိဘကကြိုက်မှာလဲ ... နွုတ်ချို့တော့ ကိုယ့်စေတနာရဲ့အရောင်ကပိုပြီး ဖြူစင်ဝတာက်ပတာပေါ့ ကိုကျိုးဖြူဆိုတဲ့နာမည်နဲ့လိုက်အောင် ငြိမ်းချမ်းအေးမြနေတာမြင်ချင်လို့ပါ"

အေးမြငြိမ်းချမ်းသောမလက်တို့၏စကားကြောင့် ကျိုးဖြူသူဒေါသသူရှက်သွားဟန်တူ၏။

အရေခွံပါး၊ အသားဖြူသူမို့ နှာသီးနှင့်နားရွက်တွေမှာ သွေးရောင်လွှမ်းသွားသည်ကို မလက်တိုတွေ့မြင်နေရ၏။

မလက်တိုစိတ်မကောင်းပါ။ သူမက ကိုကျိုးဖြူကိုကောင်းမြတ်သူဖြစ်စေချင်တာ။ ကိုယ်နဲ့ဘဝခရီးရှည်တွဲလျှောက်မယ့် သူဟာ _ စိတ်ဓာတ်ရဲ့အရည်အသွေးတွေ စံချိန်မီပြည့်ဝစေချင်တာပါ။ အခုလို ကိုကျိုးဖြူ သူ့ရဲ့မှားယွင်းမှုကို ပြန်ရှုက်ပြီး မျက်နှာမထားတတ်အောင်အထိ ဖြစ်သွားတာကိုတော့ တကယ် စိတ်မကောင်းပါ။

တကယ်ဆို မလက်တို ဒီလောက်ထိမပြောသင့်ပေ။

ကိုယ်က ကိုကျိုးဖြူရဲ့ဒေါသသံကို မနှစ်သက်ကြောင်းပြောမိ၏။ အဲဒါကို ကိုကျိုးဖြူ သူများနဲ့မတူအောင်ကောင်းစေချင်တဲ့ လောဘတွေသူမမှာရှိနေပြီ။

အခန်း (၅)

ဝန်တိုမှုနှင့်ကြွေး

THE FEUD

ချွမ် ...

ဂွမ်း ...

ဂလွမ် လွမ် လွမ် ...

ဂွမ် ...

"ဟေ့ ... ဟေ့ ... ဟေး ... ကလေးတွေ သေချင်ပြီနဲ့တူတယ်၊ ပိုက်လုံးတွေပြုတ်ကျလာလို့ ငရဲပြည်လက်မှတ်မဝယ်တဲ့ ရောက်သွားမယ်၊ လာနဲ့ကြစမ်း ဒီကို၊ ပိုက်လုံးကိုများ သူတို့အဖေမှတ်နေလားမသိဘူး _ ငါပြောလိုက်ရင် ရင်မကောင်းဘူးရှိတော့မယ် ... "

ရေနံတွင်းတူးစင်၏အနီးမှာ ပုံထားသော်ပိုက်လုံးကြီးပေါ်တက်ဆော့နေသော ကလေးများကို ကရုဏာဒေါသောဖြင့် သူကြမ်းတမ်းစွာအော်ဟစ်လိုက်မိသည်။

www.burmeseclassic.com

တကယ်တော့ အတူတူနဲ့အနွှေးသားသည်းသာဖြစ်တယ်။ ကိုကျိုးဖြူမှာ ဒေါသစိတ်၊ ဒေါသစေတသိတ်တို့ဖြစ်သလို _ မလက်တို့မှာကော ဘောဘစိတ်၊ လောဘစေတသိတ်တို့ ပွင့်ထွက်မတတ်များပြားနေတာပဲကိုး ...

"ကိုယ်တောင်းပန်ပါတယ် မလက်တို ..."

"မတောင်းပန်နဲ့ ... ဟင် အင်း ... တောင်းပန်ရမှာကကျွန်မပါ"

ဟုပြောတော့ ကိုကျိုးဖြူသည်နားလည်မှုရှုပ်ထွေးသော မျက်ဝန်းတို့ဖြင့် သူမကို ရိုးရှင်းစွာငေးနေတယ်။

ပြီးမှ ...

"ဒါဆို တောင်းပန်စရာကို တောင်းပန်စရာနဲ့ ရှုပ်ခြေခြေလိုက်မယ်၊ ဘယ်သူ့ဘယ်သူမှ အကြွေးရှင်၊ အကြွေးစားမဟုတ်ကြတော့ဘူး၊ ဟား ... ဗိုက်ဆာနေတာနဲ့အတော်ပဲ ကိုယ့်ဖို့လား"

မလက်တို ခေါင်းညိတ်ပြလိုက်တယ်။ ကိုကျိုးဖြူကို ဒီအချက်တွေကြောင့် ချစ်ခဲ့ခြင်းဖြစ်သည်။ သူတစ်ပါးစိတ်ကျဉ်းကျပ်အောင် ဘယ်သောအခါမှ မလုပ်တတ်ပေ။

ကိုကျိုးဖြူက လက်ဦးမဆွ ချစ်ခွင့်ပန်ခဲ့ကတည်းက လက်ထပ်ခွင့်တောင်းခဲ့သူ။ သူမလေ့လာချင့်ချိန်နေ၍ တစ်နှစ်လောက်နောင့်နေးသွားရသည်။ ဟော အခုတော့ လက်ထပ်ဖို့ခေါင်းညိတ်ပြီးတာမှ ရက်ပိုင်းပဲရှိသေးသည်။ သူမ၏ ခန္ဓာကိုယ်သည် ယခင်လိုမစင်ကြယ်တော့ တဏှာမုဆိုး၊ ရာဂဓါးပြကြောင့် ညစ်ထေးခဲ့ချိုး ဒီတော့ သူမရဲ့ဆိုးရွားသောက်ကြောင့်ဖြစ်ခဲ့သော မစင်ကြယ်ခြင်းကို ချစ်သူအားထိုးထိုးကြိတ်ကြိတ် မပေးရက်တော့ပါ။

အကယ်၍ အခုအချိန်မှာ မိခင်ကြီးသာ မရှိဘူးဆိုပါလျှင် သူမ

လောကကြီးထဲမှာ တိတ်တိတ်လေး ထွက်သွားမိပါမည်။

အခုလို ချစ်သူ၏ စိတ်ဓါတ်မြင့်မြတ်မှု၊ ဖေးမနားလည်နိုင်မှုတွေကို မျက်ဝါးထင်ထင်တွေ့မြင်ကြားမိရတော့ သူမလိုအနွမ်းပန်းနှင့် လုံးဝမထိုက်တန်တော့တာ ပိုပြီးသေချာသွားတော့သည်။

ဒီအကြောင်းတွေကို ချစ်သူကိုထိန်ချန်မိခြင်းဟာ သင့်မြတ်သောဒုက္ခယ်မှုဟု မလက်တို ယူဆလိုပါသည်။ ချစ်သူလို ပညာတတ်၊ အလုပ်အကိုင်ကောင်း၊ မွန်မွန်ရည်၊ လည်လည်ဝယ်ဝယ် တင့်တင့်တယ်တယ် ယောကျ်ားတစ်ယောက်အဖို့ သူမထက်အဆပေါင်းများစွာသာလွန်သော မိန်းမကောင်းမိန်းမမြတ် အမြောက်အမြားထဲမှ တစ်ယောက်မဟုတ် တစ်ယောက်ရနိုင်သည်။

သူမလိုဆွေနည်းမျိုးနွယ်၊ ပညာနည်းတစ်ကောင်ကြွက်၊ လက်အဂါမစုံသူထက်တော့ ...

မလက်တို ဆက်လက်မတွေးရဲလောက်အောင် ရင်ဆို့ရသည်။

မျက်ရည်မကျမိအောင် ထိန်ထားလျက်က ပါးပြင်ပေါ် တတုတ်တုတ်ကြွေကြ၏။

ချစ်သူမမြင်အောင် မျက်နှာလွှဲလိုက်သည်။

ဤတွင် ... သူမ တစ်ကိုယ်လုံး ဆတ်ဆတ်တုန် အံ့သြရလေပြီ။

ရေနံတွင်းတူးစင်ဆီမှ လူတစ်ယောက်သူမကို စူးစူးရဲရဲကြည့်နေ၏။

"ဦးကုလား"

သူမ အထိတ်တလန့် ရေရွတ်ရင်း လဲကျမတတ် ကြောက်လန့်မိသည်။

ဦးခေါင်းတစ်ခုလုံး ချာချာလည်နေ၏။

"သူမ နားမလည်နိုင်တော့ပါ။ လူတစ်ယောက်ရဲ့ အသက်တာ ခြောင်း

www.burmeseclassic.com

www.burmeseclassic.com

ဘဝတစ်ဘဝမှာ တစ်ကြိမ်ထက်မက သေလို့ရပါသလား ... ''

ဥသျှစ်ထုကြသောဦးနှောက် တစ်ပြင်လုံး လျှပ်စစ်၊ လျှပ်စီး၊ မိုးကြိုးတွေ ဝင်းဝင်းပြတ်ပြတ်လင်းလင်းလက်လက်။

''မဖြစ်နိုင်ဘူး ... ရှင်သေပြီ ... ရှင်သေခဲ့ပြီ ... ဒီမနက်မှာပဲ ရှင်သေခဲ့ပြီ၊ ကျွန်မအသိဆုံး ... ''

သူ့ရူးတစ်ယောက်ပမာ သူမ မပီပိုးတဝါး ကယောင်ကတမ်း တတွတ်တွတ် တီးတိုးရေရွတ်နေမိုန်မှာ ကြာကူလီ၏ခြေလှမ်းများက မယုံနိုင်ဖွယ်မြန်ဆန်ခြင်းအလျင်ဖြင့် သူမရှိရာသို့ပြေးလာ၏။

ပထမ သူမ မှင်သက်နေမိသေးသည်။

ငနက်ကျော်ကိုက်ခဲထားသဖြင့် စုတ်ပြဲနေသောအရေခွံဖိုးသိုးဖတ်သက်များ သွေးချင်းချင်းနီနေ၏။ ၎င်းအခွံများ၏အောက်တွင်မူ ... ဖြူဆွတ်ဆွတ်လည်ချောင်းရိုးကို အတိုင်းသားတွေ့ရ၏။

''အမလေး ... ''

သူမအသက်ရှူရပ်တန့်သွား၏။

မြင်ရသည့်မြင်ကွင်းက တစ်သက်နဲ့တစ်ကိုယ် မကြုံစဖူးခဲ့သော ထိတ်လန့်ဖွယ်အတိပြီးတော့သည်။

သူမတစ်ကိုယ်လုံး တဆတ်ဆတ်ခုန်၊ တလှုပ်လှုပ်တုန်နေသည်မှာ ဆားကျင်းထဲပစ်ချခံရသော အရေခွံဆုတ်ဖြဲခံသည့်ဖားတစ်ကောင်နဲ့မခြား။

အမြဲအစဉ်တွေ့မြင်နေကျ အာသာငမ်းငမ်းမျက်လုံးကြီးများသည် ယခုအချိန်မှာတော့ ဒေါသရိပ်တို့နီစွေးပြူးကျယ်နေ၏။ နီးချိန်းချိန်လာနေသည်နှင့် အမျှ သွေးညှီနှင့်အတူ ထိုသွေးစုသွေးခဲ မျက်လုံးရဲရဲကြီးများသည် မျက်ကွင်းထဲမှ

ကျွတ်ထွက်လုမျှအထိ ရူထွက်လာတော့သည်။

''မလက်တို ... ဘာဖြစ်လို့လဲ ... နေမကောင်းဘူးလား ... ဟင် မျက်ရည်တွေနဲ့ပါလား ... တစ်ကိုယ်လုံးလည်းခိုက်ခိုက်တုန်နေတယ် ပြောပါဦး၊ ကိုယ့်ကိုပြောပါဦး ... ဘာဖြစ်တာလဲ ... လို့''

ကိုကျိုးဖြူစိတ်ပူပန်ကြောင်နာစွာ မလက်တိုကိုပွေ့ဖက်ရန် လက်နှစ်ဖက်ကို ဆန့်တန်းလျက် ခြေတစ်လှမ်းရွေ့တိုးလှမ်းလိုက်ချိန် ...

''အား ... ဝက်နက်ကြီး''

ရွေ့မတိုးနိုင်ဘဲ ခြေပစ်လက်ပစ်လဲကျသွားရင်း ကစုံးကဝါးအော်လိုက်သည်။

မလက်တိုစိတ်ပူမှုငယ်ထိပ်ထိတက်လာ၏။ ကြာကူလီဦးကုလားသည် ဦးကုလားလူအသွင်မှ ဝက်နက်ဝက်အသွင်သို့ပြောင်းသွားလိုက်၊ ဝက်နက်မှလူအသွင်သို့ပြောင်းသွားလိုက် တိရစ္ဆာန်နှင့် လူ၊ လူနှင့် တိရစ္ဆာန်၊ လူတိရစ္ဆာန်၊ တိရစ္ဆာန်လူ အဖြစ်ရောယှက်ဖြစ်တည်မှုများ တဖျတ်ဖျတ်မြန်ဆန်လွန်းလှ၏။ တစ်ကိုယ်လုံး၏အရောင်အသွေးနှင့် ဆန့်ကျင်ဘက်ကွေးကောက်ဖွေးဖြူသော အစွယ်နှစ်ချောင်းဖြင့် ချိန်ရွယ်လျက် ကိုကျိုးဖြူကိုဘယ်သူ၊ ညာဘယ်အပြန်ပြန်အလှန်လှန်ခတ်လိုက်၏။

ကိုကျိုးဖြူကလည်း ရှိသမျှခွန်အားနဲ့ဝက်နက်ကြီး တစ်ဖြစ်လဲ ကြာကူလီကုလားအားခုခံ၏။

ဝက်နက်ကြီးနှင့်လူ သူတစ်ပြန်ကိုယ်တစ်ပြန် အထက်ရောက်လိုက် အောက်ရောက်လိုက် ဘကစ်ပြန်ကျားတစ်ပြန် ... လူးကြလိမ့်ကြ ပြေးကြလိုက်ကြ၊ သတ်ကြပုတ်ကြရင်း တိုက်ပွဲပြင်းထန်လာ၏။ ပိုက်လုံးပုံအခြေခိုင်ရောက်

www.burmeseclassic.com

www.burmeseclassic.com

သွားချိန်မှာဝက်နက်ကြီးသည် ဝက်နက်ကြီးအသွင်လုံးလုံးပျောက်ကာ လက်မည်းကြီးများမှ လက်သည်းများသည် ဝက်စွယ်ဖွေးဖွေးကောက်ကောက်များလို ထက်မြဲချန်စူးလာကာ ကိုကျိုးဖြူ၏မျက်လုံးအစုံအား ကုတ်ခြစ်ထိုးဖောက်ပစ်လိုက်၏။

"အား ... "

မလက်တိုငယ်သံပါအောင် အော်ဟစ်စိုးရိမ်သွားပေမယ့် ကိုကျိုးဖြူက လည်းလျင်သည်။ ကြာကူလီ၏လက်သည်းချက်များကို ခေါင်းငုံ့ဝပ်ပြီးရှောင်လိုက်သည်။ ရှောင်ရင်းက လက်အစုံက ကြာကူလီ၏ခြေအစုံကို ဖမ်းကိုင်ပြီး ပတ်ချာလည်ဆွဲရမ်းလွှဲလိုက်၏။

တစ် ပတ် လွှဲ ၏။

နှစ် ပတ် လွှဲ ၏။

သုံး ပတ် မြောက်မှာတော့ လေထဲမှာအရှိန်ရလာသော ကြာကူလီ၏ ခန္ဓာကိုယ်အား ပိုက်လုံးပုံဆီ အားကုန်ပစ်ချလိုက်တော့သည်။

ဝုန်း

ထွမ်

"အီး ... "

နာနာကျင်ကျင်အော်သံကြီးကား သေအံ့မှုးမှုးဝက်တစ်ကောင်နှင့်ခွဲခြား လို့မရ။

ထိုစဉ် ကြာကူလီ၏ခန္ဓာကိုယ်အလေးချိန်က ပြုအံ့ဆဲဆဲပိုက်ပုံကို ဒေါက် ဖြုတ်လိုက်သလိုဖြစ်ကာ ...

ဂွမ်

ဂ လွမ် လွမ် လွမ်

ဂွမ်

"ဟေ့ ဟေ့ ဟေး _ ကိုကျိုးဖြူနောက်ဆုတ် _ ပိုက်ပုံကြီးပြိုလာပြီ ကို ကျိုး ... "

မလက်တို စကားအဆုံးမသတ်လိုက်နိုင်ခင်မှာ ကိုကျိုးဖြူ၏အသက်ကို နှစ်ပေအချင်းပိုက်လုံးကြီး တစ်လုံးပြီးတစ်လုံးက အဆုံးသတ်လိုက်ပါတော့သည်။

ထိုအချိန်မှာ ကိုကျိုးဖြူ၏အသက်မဲ့ခန္ဓာကိုယ်ကို ဝက်နက်ကြီးတစ် ကောင်လွှားခနဲခုန်ကျော်ကာ ပြေးထွက်သွားတော့သည်။ ပြီးတော့အော်လိုက်၏။ အသံကြီးကားအနိုင်ရတောဝက်ကြီးလို ...

"အီး ... ဂူး ... "

www.burmeseclassic.com

www.burmeseclassic.com

"နင့်သား ပလီစိချောက်ချက်ကိုများတယ်၊ ကြာကူလီကုလားဝင်စား တာပီသပါပေတယ်၊ အားတိုင်းယားတိုင်းမလက်တိုဆီသွားမယ်ပြောလာတာ စကားတတ်ကာတည်းကနေ အခုငါးနှစ်ထဲရောက်နေပြီ လွန်လွန်းတာပေါ့ဟ၊ ဘယ်လူဝင်စားမှ ဒီအရွယ်အထိအရင်ဘဝကအကြောင်းကို သူလောက်မမွဲလမ်း ကြဘူး"

ပေသီး ထန်းလျက်တုတ်ချောင်းကို ကွပ်ပျစ်ပေါ်ပစ်ချရင်း ညည်းညည်း တွားတွားဆိုတ်။

"ဟင်း _ တော့်စိတ်တွေပြင်လိုက်စမ်းပါ ကိုပေသီးရယ် _ အရင် ဘဝက ကုလားကိုမုန်းတာမုန်းတာပေါ့၊ ဘာဖြစ်လဲ _ ကိုယ်နဲ့သွေးမတော်၊ ဆွေမဟုတ် မျိုးမဟုတ်ပဲလေ၊ အခုသား တော့်သား၊ ကျွဲပ်တို့သား၊ တော်နဲ့ ကျွဲပ်ရဲ့သွေးတွေနဲ့ဖွဲ့စည်းထားတဲ့ကျွဲပ်တို့သား၊ ကျွဲပ်ဝမ်းနဲ့ကိုးလလွယ်ပြီး ဆယ်လမွှားခဲ့ရတာတော်ရေ ... တော့်အမုန်းတွေရပ်တန်းကရပ်လိုက်တော့ ဟွန်း _ မပြောလိုက်ချင်ဘူး၊ ကလေးချူချာတာကိုကျ ပြုစုဖော်၊ ဂရုစိုက်ဖော် မရတဲ့အပြင် ရိုက်မယ်လုပ်နေလိုက်သေးတယ်၊ ဘယ်လိုအဖေမျိုးပါလိမ့် အံ့သြပါ့"

"နားညည်းတယ်ဟေ့ _ တော်ရင်ကောင်းမယ် မတော်ရင်လည်းနင် တစ်ယောက်တည်းဆက်ပြောနေတော့ ရင်ရင် _ ငါ့ဆိုင်ကယ် ကာပရိုက်တာ ဆေးဆိုင်းထားတာရလောက်ပြီ ဖိုးသင်းဆိုင်ကယ်ဝပ်ရှော့သွားလိုက်ဦးမယ်"

"ကြွ ... ကြွ ... တော်မြန်မြန်ကြွမှရန်အေးမယ်"

ညားခါစချစ်ခြင်းတွေ အငွေ့ပျံပျောက်ရှသွားကြသော လင်မယားနှစ် ယောက် တဖောင်းစေးနှင့်မျက်ချေးလို မွန်တေတေ၊ စောင်းငန်းငန်း ကျောခိုင်း ထားကြတ်။

အခန်း (၆)

ကလေးဖမ်းတဲ့ လက်ကြီးတစ်ဖက်

DANGEROUS HAND

"မလက်တိုဆီသွားမယ် _ သားသားစက်ဘီး မလက်တို သိမ်းထား တယ် ... အမေ သားကိုမလက်တိုဆီလိုက်ပို့ ... "

"ဟဲ့ _ ကလေးတိတ်စမ်း _ ငါနော် _ ထန်းပင်လက်နဲ့ကောက် ရိုက်လိုက်ရ _ မလက်တိုဖြစ်နေဦးမယ် _ ဒီမကောင်းဆိုးဝါး အကြောင်းကို နောက်တစ်ခါထပ်ပြောကြည့် ... တွေ့လား ဒီမယ် ... ထန်းလက်တုတ်နဲ့ အသေစော်မယ်မုတ် ... "

"ဟီး ... အီး ... အမေ ... အ မေ ရေ ... အဖေ သားကိုရိုက် တယ် ... "

"ဟင် ... မရိုက်ရသေးဘဲနဲ့ ငိုတယ်ဟုတ်လား ... အေးအေး ဒီတော့လည်းရိုက်ရသေးတာပေါ့ကွာ"

"ကိုပေသီး _ တော်နှယ့်တော် _ ကိုယ်မွေးထားတဲ့သားကို ကိုယ် မကြင်နာ ဘယ်သူကလာကြင်နာတော့မှာတုန်း"

www.burmeseclassic.com

www.burmeseclassic.com

ပေသီးကလည်း ရွာထဲသို့ဘောက်ဆက်ဘောက်ဆက်နဲ့ ထွက်သွားသလို ရင်ရင်ကလည်း ပွစိပွစိန္နတ်သီးစူပြီးကျန်ရစ်တ၏။ သားကိုလှည့်ကြည့်တော့ ...

"သားလေး လမင်းစားမလား"

"မစားချင်ဘူး ... မလက်တိုအိမ်ကိုလိုက်ပို့"

"သားကလည်းကွယ် ... ထန်းသီးမုန့်စားမလား"

"ရိုးနေပြီ ... မလက်တိုအိမ်လိုက်ပို့"

"မန္တလေးထိုးမုန့်လည်းရှိတယ် ... သားရဲ့"

"အီနောက်နောက်ကြီး ... မလက်တိုအိမ်လိုက်ပို့"

"ပုသိမ်ဟာလဝါကော"

"ဘိုးဘဆိုင်ကျွေးလိုက် ... မလက်တိုအိမ်လိုက်ပို့"

"ကျေဒိုးနပ်(စ်)လက်ဆောင်ရထားတာရှိသားပဲ"

"အင်္ဂလိပ်မုန့်လက်ကောက်မကြိုက်ဘူး ... မလက်တိုအိမ် လိုက်ပို့"

"ရွှေပုဖွန်ကွတ်ကီးဘူးသစ်ဖောက်လိုက်မယ်"

"ဘုရားဆွမ်းတော်ကပ်လိုက် ... မလက်တိုအိမ်လိုက်ပို့"

"သား ... ဂျစ်မဆွဲနဲ့"

"အဖေမသိခင် သားကိုလိုက်ပို့ပါအမေ"

ရင်ရင်သက်ပြင်းလေးချလိုက်တ၏။

"ဘာလုပ်မလို့လဲသားရယ် ... အဲဒီတိုက်ပျက်ကြီးမှာ သူမှမနေတော့တာ၊ သားပြောတဲ့မလက်တိုတို့သားအမိ၊ အဲဒီတိုက်ကြီးကနေပြောင်းသွားတာ

သားမမွေးခင်တစ်နှစ်လောက်ကတည်းကဆိုတော့ ... ခြောက်နှစ်တောင်ရှိနေပြီ"

"အမေမသိပါဘူး ... အဲဒီတိုက်ပျက်ကြီးထဲမှာ မလက်တိုရှိတယ်၊ သားပြောတယ်ပါ"

"အမေပြောတာယုံပါကွယ်"

"နေဗျာ ... ဒါဆိုလည်း ... သားဘာသာသားပဲ သွားတော့မယ်"

"အမလေး ... မလုပ်ပါနဲ့ကွယ်၊ အဲဒီခွေးအူသံတိုက်ပျက်ကြီးကို သားတစ်ယောက်တည်းတော့ လုံးဝမသွားပါနဲ့သားရယ်၊ မကောင်းဆိုးဝါးတွေ ခိုအောင်းနေလို့ ဘယ်သူမှမဖြို့ရဲ့၊ မဖျက်ရဲကြဘူး၊ ဒါတင်ကရိုးလား ... ညဘက် ညဘက်ခွေးနက်ကြီးတစ်ကောင်နဲ့ သရဲနက်ကြီးတစ်ကောင်ရှိတယ်တဲ့၊ ဒါကြောင့် ခုဆို ... အဲဒီခွေးအူသံတိုက်ပျက်ကြီးရှေ့ကလမ်းပေါ်ဆိုကားတစ်စီး ဆိုင်ကယ်တစ်စီး၊ လှည်းတစ်စီး၊ မြင်းတစ်ကောင်၊ ခွေး၊ ကြောင်၊ ကြက်၊ ငှက်၊ ဝက်တစ်နွားတ်သီးတောင် ဖြတ်မကူးရဲကြဘူး၊ သိပ်ကြောက်စရာကောင်းတာ သားရဲ့ ... မသွားနဲ့နော်"

ရင်ရင်ဘယ်လိုပင်ဖျောင်းဖျသော်လည်း သားဖြစ်သူမောင်သားသားကတော့ လုံးဝလက်မခံသလို ဘယ်လိုခြောက်လှန့်ပေမယ့် လုံးဝနားမဝင်တော့သောအခါ ...

"သား ... "

ရင်ရင်ချိုသာစွာခေါ်လိုက်တ၏။

" ... "

www.burmeseclassic.com

www.burmeseclassic.com

"ဒီညလိုက်ပို့ပြီးရင် _ အဲဒီတိုက်ပျက်ကြီးဆီသွားဖို့ နောက်နောင်ဘယ်တော့မှ မပြောဘူးဆိုရင် အမေလိုက်ပို့မယ်"

"အမေ _ တကယ်ပြောတာလား _ သား _ ကတိပေးပါတယ် သားသားကိုဒီတစ်ညတည်းပဲလိုက်ပို့ နောက်ဘယ်တော့မှ အမေတို့ကိုမပူဆာတော့ဘူး"

သားမျက်နှာက နှင်းဆမ်းပန်းလိုချက်ချင်းလန်းဆန်းလင်းလက်သွားလေသည်။

"ဒါဆို _ အမေတို့ခုပဲသွားကြမယ် _ အမေ့ဆိုင်ကယ်ဆီထည့်ပြီးသွားမယ်"

"ဟေး ... ဒါမှ သားအမေ ... "

သားမြူးတူးတက်ကြွနေတာမြင်ရတော့ သူမရင်ထဲမှာ အလိုမကျခြင်းအရိပ်အမည်းတွေကင်းစင်သွားသည်။

သူမမျက်နှာသည်လည်း တိမ်ပြယ်လဝန်းလို အပြုံးတွေရွှန်းရွှန်းပိုနေတ၏။

အကယ်၍သာ _ ထိုတိုက်ပျက်ကြီးဆီရောက်ခဲ့ခြင်းသည် သူမနှင့်သားလေး၏ကံဆိုးမိုးမှောင်ကျမှုဟု သိခဲ့ပါလျှင် ရင်ရင်အခုလိုပြုံးနိုင်ရာမည်မဟုတ်ချေ။

တိတ်တိတ်ထွက်ခဲ့ပါသည်ဆိုမှ ရွာထဲကခွေးတွေက သူမဆိုက်ကယ်ကို သရဲသဘက်တစ်ကောင်လိုကြည့်ကာ ကြောက်ကာအူလိုက်ကြသည်မှာ ... အသည်းလှိုက် ... အူလှိုက် ... ကြောက်မက်ဖွယ်အတိ ...

နိမိတ်မကောင်းဘူးဟု စိတ်ထင့်ပေမယ့် သားလေး၏ပျော်ရွှင်မှုကို

သူမအကြောက်တရားနှင့် မဖျက်ဆီး မပျက်စီးလိုစေချင်ပါ။

ဂီး

ဂစ် ဂစ်

ဂီး ...

လမ်းတလျှောက်လုံးမှာ အဆက်မပြတ်ငှက်ဆိုးထိုးသံကြီးများက သူမတို့သားအမိအား မပြန်လမ်းသို့ပို့နေသော ဆိုင်းသံ၊ ဗုံသံ၊ နဲသံကြီးလို ကျက်သရေကင်းမဲ့ခြင်းအပြည့်။

တာလမ်းမမှ ဖဲ့ဆင်းလိုက်သည့်နှင့် ...

အူ

အု ... အု

အူး ...

တမျှော်တခေါ်ရှည်လျားသော ခွေးအူသံကြီးဖြင့် ခွေးအူသံတိုက်ပျက်ကြီး၏ ကြုံဆိုပုံက သေပင်မသေရဲလောက်အောင် ချောက်ချားလွန်ချေ၏တကား–

"ကဲ ... ရောက်ပြီသား ... အမေကတိတည်တယ် ... ပြန်ကြစို့ အဖေမျှော်နေမယ် ... "

"ဟာ _ အမေကလည်း _ အဖေ အခုချိန်ဆို ဦးဖိုးသင်းနဲ့အတူတူ မူးလို့ကောင်းနေမှာပါ ... "

"ဘာဖြစ်ဖြစ် ပြန်မယ်သားသား"

ရင်ရင်စိတ်တိုစွာနာမည်ရင်းကို ဆောင့်ကြီးအောင့်ကြီးခေါ်လေ့သားသား မျက်နှာချိုသွေး၏။

www.burmeseclassic.com

www.burmeseclassic.com

"အမေ ... ခဏနေပြန်လို့ရပါပြီ ... သားကိုအိမ်ထဲထိတော့လိုက်ပို့ပါနော် ... "

"ကောင်းပြီ ... အိမ်ထဲခဏဝင်ပြီးရင်ပြန်ရမယ်နော်"

" ... "

သားသားစကားတစ်ခွန်းမှ ပြန်မဖြေဘဲ အိမ်ထဲသို့လှစ်ခနဲပြေးတက်သွားတော့ ရင်ရင်ဆိုင်ကယ်ဒေါက်အမြန်ထောက်ပြီး ပြေးလိုက်သွားရတ၏။

"သား သား ... သားလေး"

ဝိုး ...

ဖလပ် လပ် လပ်

ဝိုး ...

"အမလေး ... "

လင်းနို့မည်းတွေက မျက်လုံးကိုဖြတ်တိုက်သွားကြ၏။ မျက်စိအမြင်တွေ ဝေဝါးသွားသည်။

ဒေါက်

ဒေါက်

ဒေါက် ...

"အို ... "

ကြမ်းပေါ်လမ်းလျှောက်သံနှင့် ခွေးအူသံအဆုံး မပီဝိုးတဝါးတွေ့လိုက်ရသည်က ခွေးနက်ကြီးနှင့်မလက်တို _ သူမကြည့်နေဆဲမှာပင် မလက်တိုက သားသား၏လက်ကို ခွေးသေကောင်အပုပ်ခွဲသလိုဆွဲခေါ်သွား၏။

"ဒေါက် ... ဒေါက် ... ဒေါက်"

"မလက်ကို ... သားသားကိုပြန်ပေးပါ"

ရင်ရင်အော်သံ တိုက်ပျက်ကြီးထဲမှာ ညံသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

လူဝိုးခေါင်းခေါ်ရာသို့

FOLLOW WITH THE SKULL

အမောင်ထုက ကျားစီးငါးစီးပိန်းပိတ်လို့လာသည်။ သူကားကိုခွေးအူသံတိုက်ပျက်ကြီးနှင့်အနီးဆုံး ဂဝံကျောက်လမ်းအစပ်မှာရပ်လိုက်သည်။

"အေ့ ... ထို ... "

အစာဟောင်း၊ အစာသစ်၊ အစာအိမ်၊ အစာရေမျိုး၊ လည်ချောင်းတို့ကို ဆန်တက်လာသော လေသည် (Gastric acid) အစာချေရည်နှင့်ဘီယာတို့၏ ရှုန်းရင်းဆန်ခတ်ဓာတ်ပြုရာမှ ဘေးထွက်ပစ္စည်းအဖြစ်ထွက်ကျလာ၏။ ခွဲဉာစူးအနံ့က ပါးစပ်နှင့်နှာခေါင်းတို့ကို ထွက်ခက်ခက်လိုက်သည်။

"သောက်တုန်းကန္တားငတ်ရေကျသောက်ခဲ့ပြီး အခုမှထိုတွေ့၊ ထွမ်တွေလာလုပ်မနေနဲ့ မောင်းစရာရှိတာဆက်သာမောင်း"

"ဖြောင်း"

"အား ... "

ခေါင်းမထောင်နိုင်လောက်အောင်မူးနေသည့် သူငယ်ချင်းဒေါက်တာ

သိုး၏ ဇက်ပိုးကိုခပ်ဆတ်ဆတ်လေး အုပ်လိုက်သည်။

"ဆက်မောင်းစရာမလိုတော့ဘူး ... ရောက်နေပြီသိုးရဲ့၊ မျက်လုံးလေးဘာလေးလည်းဖွင့်ကြည့်ဦး"

"ဟေ _ ခွေးအူသံတိုက်ပျက်ကြီးဆီရောက်ပြီဟုတ်လား ညို့ထွေး"

"ဟုတ်တယ် ... လာ ... ဆင်းမယ်"

ဂျိမ်း ...

လက်နှိပ်ဓာတ်မီးဆွဲကာ ကားတံခါးကိုဖွင့်ဆင်းပြီး ကားတံခါးကိုပြန်ပိတ်သံကြားမှ ဒေါက်တာသိုး ကားပေါ်မှ ယိုင်ထိုးယိုင်ထိုးနဲ့ဆင်းသည်။

ယိုင်လဲလုံမတတ် ခြေလှမ်းတွေ ခွေညွှတ်သွားသဖြင့် ညို့ထွေး သူငယ်ချင်းဖြစ်သူ ဒေါက်တာသိုးကို ဖေးကူလိုက်ရ၏။

အမူးသမားကို အမူးသမားကတွဲရခြင်းအဖို့ ခြေလှမ်းများသည် တောင်တစ်လှမ်း၊ မြောက်တစ်လှမ်း _ ကသောင်းကနင်းနဲ့သာ တိုက်ပျက်ကြီးဆီသို့ လှမ်းခဲ့ကြသည်။

ကွိ ကွိ

ကွိ ကွိ

ဝုန်း

သူကိုယ်ထိန်း၊ ကိုယ့်သူထိန်း၊ သူကိုယ်သူထိန်း၊ ကိုယ့်ကိုယ်ကိုယ် ထိန်းကြ လျှောက်ကြရင်း တိုက်ပျက်ကြီး၏အတွင်းမှာလဲပြိုသွားကြ၏။

"သူငယ်ချင်း _ ထကွာ _ ဆရာဝန်မို့ ကိုယ့်ကိုယ်ကိုယ်ထိန်းနိုင်လားမှတ်ပါတယ် မင်းကပိုဆိုးနေပါလား"

"ဟော့ကောင်ညို့ထွေး ... စကားကိုတင်တင်စီးစီးလာမပြောနဲ့၊

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်လည်းလူပဲ တွန့်တွန့်တွန့်တွန့် ဦးနောက်၊ လက်သီးဆုပ်လောက်နဲလုံး။ သွေးခြောက်ပိုင်းခွဲနဲ့ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ပါပဲကွာ ... အယ်လ်ကိုဟော တိုက်ပျက်မှုကို ပိုပြီးခံနိုင်အောင် အသည်းနှစ်စုံပါလာတဲ့ သတ္တဝါမဟုတ်ဘူးကွ၊ အရက်သောက်မိလို့ မင်းအသည်းနှစ်ဆပိုအလုပ်လုပ်ရသလို ငါ့အသည်းလည်း နှစ်ဆပိုပင်ပန်းတာပဲ၊ လူထဲကလူ _ လူကြီးတွေပြောသလို အစိုင်အခဲဖွဲ့တည်မှု ပထဝီသဘော၊ ပူအေးလောင်ကျွမ်းမှု သတ္တိတေဇောသဘော၊ ယိုစီးမှုသဘော အာကော ပျံ့လွင့်၊ လေဓာတ်ဝါယောဃသော၊ ဆိုတဲ့ဓာတ်ကြီးလေးပါး အစုအဖွဲ့ပါကွာ၊ ဒါထက် မပို့ဘူး''

''ကဲပါကွာ ... မပို့ရင်လည်း ... ငါ့အပေါ်မှိထားတာဖယ်ပါဦး သိုးရာ ... ''

ပျင်းရိလေးပင်သော ဒေါက်တာ့ခန္ဓာကိုယ်ကြီးကို တွန်းဖယ်ပြီး အခန်းအနေအထားကို လက်နှိပ်ဓာတ်မီးနဲ့ လျှောက်ထိုးကြည့်လိုက်တ၏။ အရင်လိုပဲ မပြောင်းလဲ။

ပေနှစ်ဆယ်ပတ်လည်ခန့်ကျယ်ဝန်းမည့်အခန်းကျယ်ကြီး၊ ဒါသည်ည့် ခန်းဖြစ်နိုင်တ၏။ အဲသည့် ညခန်းကျယ်ကြီးနောက်တက်မှာတော့ နောက်ဖေးဘက် သို့ထွားရမည့် လူသွားလမ်းလေးနှင့် ထိုလမ်းလေး၏ ဘယ်တစ်ခြမ်း၊ ညာတစ်ခြမ်းမှာ အိပ်ခန်းများဖြစ်သည်။ ထိုအိပ်ခန်းများအလွန်မှာတော့ ထမင်းစားခန်းနှင့် မီးဖိုချောင်ဖြစ်သည်။

ဒီအိမ်ကြီး၏အခန်းဖွဲ့စည်းပုံကို ကိုညီထွေးသိရှိထားပြီးဖြစ်တ၏။ ဒါပါနဲ့ဆို ဒီအိမ်ကြီးသို့ ညီထွေးရောက်ခဲ့တာ သုံးခေါက်ရှိပြီ။ ဒီတိုက်ပျက်ကြီးနှင့် ခပ်လှမ်းလှမ်းမှာ အိမ်သာအပျက်တစ်လုံး _ အရာရာသည်ဘာမှမထူးခာန်း

လူသော ဖွဲ့စည်းမှုဖြစ်တ၏။

သို့သော် ဆန်းပြားနေသည်က ထိုမဆန်းပြားသောဖွဲ့စည်းမှုနှင့် တိုက်ပျက်ကြီးထဲမှာ သားသားပျောက်ဆုံးခဲ့ခြင်း ...

ရှာလို့မတွေ့တော့အောင် ပျောက်ဆုံးမှုကား မခံချင်စရာ ဆန်းပြားမှု ဖြစ်နေလေသည်။

''သား သား ရေ ... ''

တွေးရင်းက ရင်ထဲမှာနှင့်ခနဲ လှိုက်ခနဲခံစားရသည်ဖို့ သားသားကို တမ်းတစွာအော်ခေါ်မိသည်။

''ဘာလဲ _ မိန်းမရာ၊ မင်းခေါ်တိုင်းငါထူးရမှာလား။ ငါ့သူငယ်ချင်း ရောက်တုန်းရောက်ခိုက် မူးအောင်တိုက်ပါရစေဦး _ ခူး _ ခ လူး လူးလူး ခေါ ... ''

ဟော ... အားကိုးချင်စရာမောင်ဒေါက်တာတစ်ယောက်ကတော့ ကယောင်ကတမ်းသံယောင်လိုက်ယောင်ရမ်းပြီး ခလူးခလော အိပ်မောကြသွားလေပြီ။ တိုက်ပျက်ကြီးကိုများ ... သူ့မယားနဲ့ရွှေလက်တွဲယှက်စက်မွေ့ရာ မှတ်နေရော့သလားမသိတော့။

''ဒေါက်တာ ... ''

''လာမနှိုးကြနဲ့ဗျာ ... ဂျူတီအော့(ဖ်)တဲ့အချိန် ခေးခန်းထိုင်၊ ဆေးခန်းပိတ်တဲ့အချိန် မိန်းမရဲ့သေနတ်အပစ်ခံ၊ အခု မိန်းမပါးစပ်ကလွတ် တုန်းလေး တစ်မှေးလောက်မှေးတာပါ။ ဒီနေ့တော့ Home Care မလိုက်ပါရစေနဲ့ဗျာ ... တောင်းပန်ပါတယ်။ ကျွန်တော်ဒေါက်တာသိုး အနှုးညွတ်တောင်းပန်ပါတယ် ခူး ... ခလူး ... လူး ... လူး ... ခလော ... ခူး ... ''

www.burmeseclassic.com

www.burmeseclassic.com

အဲဒါမှ အေးကြတာပဲလို့သာ ခြေဆင်းငိုလိုက်ချင်တော့သည်။ ဒေါက်တာသိုးတို့ အရက်မူးလွန်လိုက်ပုံကတော့ အနားမှာ ဒုံးကျည်ထပေါက်ရင်တောင် ခေါင်းထောင်မကြည့်တော့မည့် သတ္တိမျိုးနဲ့ အိပ်မောကျနေပြီ။

ဒေါက်တာသိုးလိုမျိုးအိပ်ချင်တိုင်း အိပ်လို့မရတဲ့ ညိုထွေးမှာက သောကတွေရှိနေသည်။ သားစိတ်နှင့်အိပ်ရာထဲခွေသွားသော ဇနီးသည် နီလေးက တစ်ဖက် –

ယခုချိန်ထိထက်တိုင် ... ရှာလို့လုံးဝမတွေ့၊ သတင်းပျောက်နေခဲ့အောင် ဆန်းကြယ်လှစွာ ပျောက်ဆုံးခဲ့သည့် သားသားကတစ်ဖက် ...

သူမှာ သောကဘယ်ညာနဲ့ ပူလောင်လွန်း၏။ သောကစေ့စေ်မှုကြောင့် လက်နှိပ်ဓာတ်မီးကိုဆွဲကာ မတ်တတ်ထရပ်လိုက်သည်။

သားသားကိုမတွေ့လျှင် နီလေးကျန်းမာရေးလည်း ဆိုးသထက်ဆိုးတော့မည်။ နီလေးလိုဝမ်းနဲ့လွယ်မွေးသည့် မိခင်ကိုမဆိုထားနှင့် _ သူလိုဖခင်တစ်ယောက်ပင်လျှင် မနေသာအောင်စိတ်တွေ လောင်ကျွမ်းနေရသည်။

"သူငယ်ချင်း ... "

"သိုး ... "

"ဒေါက်တာ ... "

သုံးမျိုးသုံးခါခေါ်ကြည့်ပေမယ့် သူငယ်ချင်းဖြစ်သူ ဒေါက်တာသိုးကတော့ _ ဆရာဝန်ဆိုသည့်တာဝန်ကြီးနှင့် လွတ်ကင်းက ဇစ်ဖက်ဆွဲလျှက် သဖောက်သဟမ်းနဲ့ ငြိမ်းချမ်းနေလေပြီ တရူးရူး။

နှိုးလည်း မနိုးနိုင်သေးသည်ကိုသိသည်။

နို့ပို့ကြောင်းမနှိုးတော့ဘဲ တိုက်ကြီး၏အတွင်းဘက်သို့ သူတစ်ယောက်

တည်းတိုးလျှောက်လာခဲ့တဲ့။

ခွေးအူသံတိုက်ပျက်ကြီးသာဆိုသည် အခုချိန်မှာတော့ ခွေးရိပ်၊ ခွေးယောင်၊ ခွေ့ဟောင်သံစိုးစဉ်းမရှိ။ ပကတိတိတ်ဆိတ်နေသည်။

"ကျီ ... "

ဝိုးဖလပ် ...

လပ် လပ်

ဖလပ် ... ဝိုး ...

ညာဘက်အခန်း(အိပ်ခန်းဟုယူဆရသော ...)ကို ... သူအသာအယာတွန်းဖွင့်လိုက်သည်။

သံချေးကိုက်ပတ္တာသံနှင့်အတူ မှောင်မှောင်မည်းမည်းအခန်းထဲမှ လင်းနို့မည်းများ သူမျက်နှာအနီးမှာပက်ကာ ပွတ်ကာဖြတ်သန်းသွားကြလေသည်။

ကျီ ...

အိပ်ခန်းထဲသို့ သူလှမ်းဝင်လိုက်သောအခါ သံချပ်ကွာကြမ်းခင်းများမှာ ပိလိုက်၊ ကြွလိုက်နဲ့ တလှုပ်လှုပ် ...

"ထွီ ... "

အနံ့အသက်ကလည်းဆိုးလှ၏။ လင်းနို့ချွေးနံ့၊ ကြွက်သေးနံ့တို့ဖြင့် ဖံသာအောင်အနံ့ဆိုးလှသည်။

ကျီ ...

အီ ... အီ ...

ဂျိန်း

အသံကြောင့် ညိုထွေးနောက်လှည့်ကြည့်၏။ အိပ်ခန်းတံခါးသည်

www.burmeseclassic.com

www.burmeseclassic.com

ပိတ်သူမရှိပါဘဲ ပိတ်ကျသွားသည်။

ညီထွေးစိတ်ထဲမှာ ထင့်ခနဲဖြစ်သွားရသည်။

အသက်ရှူမှန်းကျပ်လာသည်။ ပိတ်လောင်ခံရသော သားကောင် တစ်ကောင်ပမာ သူရင်တွေတဖျပ်ဖျပ်တုန်ယင်လို့လာ၏။

အိပ်ခန်းတံခါးကို ပြန်ဖွင့်ထားလိုသည်။

သို့သော် _ သူမဖွင့်ဖြစ်တော့ပါ။ သူအံ့ဩသွားခဲ့ပြီး ကျယ်သွားတော့သည်။

နာခေါင်းကိုပွစိပွစိလုပ်ကာ အနံ့ခံအာရုံကို ပိုမိုဖြန့်ကျက်လိုက်၏။

ဟုတ်ပြီ။ သေချာပြီ။ ဒါ ... ခရေပန်းနံ့။

ကြက်သေးနံ့၊ လင်းနို့ချေးနံ့တွေထဲမှ ထူးခြားသည့်ခရေပန်းနံ့ကြောင့် သူပြန်လည်ဖွင့်လိုသော အခန်းတံခါးဖွင့်ဖို့ သတိမရတော့ပါ။

ထိုထူးခြားမှုထဲမှာ သားသားကို ရှာဖွေတွေ့နိုင်မည့်အနံ့အသက် တစ်စုံတစ်ရာ ပျော်ဝင်နေသည် ထင်မိ၏။

အိပ်ခန်းအနံ့ သူဓါတ်မီးအလင်းရောင်တန်းများဖြင့် ဖွေရှာမိသည်။ မရှိပါ။ အိပ်ခန်းထဲမှာ ခရေပန်းခြောက်တစ်ကုံးတလေမျှပင် မရှိပါ။

ဖုံအလိမ်လိမ်ကြမ်းပြင်၊ ပင့်ကူမျှင် ပရပွမျက်နှာကျက်၊ ဟောင်းနွမ်းညစ်တေး ခုတင်တစ်ချပ်၊ အရာရာသည်နာခေါင်းထဲမှာ သင်းသထက် သင်းလာသော ခရေပန်းနံ့နှင့် လားလားမှမအပ်စပ်ပေ။

ဒီတိုက်ပျက်ကြီးရဲ့ အနီးအပါးမှာလည်း ခရေပင်တစ်ပင်မျှမရှိကာ သူသိသည်။

"ဟော ... တွေ့ပြီ ..."

ခုတင်ခေါင်းရင်းရှိ ခနော်နိုခနော်နဲ့ စားပွဲခုံလေးပေါ်မှာ ပုလင်းဟောင်းလေးတစ်လုံးကို သဲလွန်စအဖြစ် သူတွေ့လိုက်သည်။

"ဒီရေမွှေးပုလင်းက အနံ့ရတာဖြစ်မယ် ..."

သူအတွေးအတိုင်း ခပ်တိုးတိုးရေရွတ်ပြီး ရေမွှေးပုလင်းဟောင်းလေးဆီသို့လက်လှမ်းလိုက်၏။ မမှီတမှီမို့ ပုလင်းလေးက သူလက်နှင့်ထိပြီး ခုတင်အောက် လိမ့်ကျသွားသည်။

သူသည် ကလေးတစ်ယောက်လို မဆီမဆိုင် ပုလင်းလေးတစ်လုံးကို စိတ်ဝင်စားမိသည်မှာ ဘာကြောင့်မှန်း သူကိုသူ နားမလည်နိုင်ခင်မှာ ခုတင်အောက်သို့ခေါင်းငုံ့ဝင်တွားမိတော့သည်။

ပုလင်းလေးကိုကိုင်မိရန် အနည်းငယ်လိုသေးသည်မို့ ရှေ့တစ်လှမ်းတိုးကာ မိကျောင်းတစ်ကောင်လို တွားသွားလိုက်သည်တွင် _

ဂျွတ်

ဂျွတ်

ဝုန်း ...

သူဝမ်းဗိုက်အောက်မှ ကြမ်းပြင်ဆွေးဆွေးကျိုးပဲ့ကာ ကျွံဝင်သွား၏။

သူခန္ဓာကိုယ်က ကျွံကျသောကြမ်းပေါက်မှ အောက်သို့ ပရမ်းပတာပြုတ်ကျသွားလေ၏။

ဒုတ်

အွတ်

"အီး ... သေပါပြီ ..."

ညီထွေးအသက်ရှူရပ်မတတ် ရင်ဘတ်ထဲမှာအောင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ရင်ညွန့်အောက်ချိုင့်(အရွှိက်) သည် မာခေါက်ခေါက်အရာဝတ္ထုတစ်ခု ကြောင့်နာကျင်လွန်းလှ၏။

ပြာဝေသွားသောမျက်လုံးတွေ မှိတ်ချည် ဖွင့်ချည်ပြုပြီး ရင်ဘတ် အောက်မှ ထိုမာကျောကျော ဖုလုံးလုံးအရာဝတ္ထုကိုလက်နှင့် စမ်းသပ်ကြည့် သည်။

ဘာဆိုတာမသိနိုင်သဖြင့် လက်ထဲမှယခုတိုင်ဆွဲကိုင်ထားဆဲဖြစ်သော ဓာတ်မီးဖြင့်ထိုးကြည့်လိုက်ရာ ...

''အမလေး

လူရိုးခေါင်းကြီး''

အလန့်တကြားအော်သံက တိုက်နံရံတွေအက်ကွဲပွင့်ထွက်မတတ် ကျယ်လောင်သွားတော့သည်။

ညိုထွေးကြက်သေသေ အံ့သြထိတ်လန့်စွာဖြင့် စောစောက ဆောင့်တွန်း ပစ်လိုက်သော လူရိုးဦးခေါင်းကြီး ဒလိမ့်ဒလိမ့် လိမ့်သွားရာသို့ ဓာတ်မီးအဆက် မပြတ်ထိုးကာကြည့်မိတော့သည်။

တစ်နေရာအရောက်မှာ လူရိုးခေါင်းကြီး တုံ့ခနဲရပ်တန့်သွားခဲ့၏။

လူရိုးခေါင်းခွံကြီးရပ်သွားရာသို့ သူလှမ်းလျှောက်လာမိသည်။

ထိုအချိန်မှာ ... ပန်းရန့်တို့က ပိုမိုထုံအီမွှေးပျံ့လာသည်။ ထို့အတူ သူဦးခေါင်းသည်လည်း ရီဝေနောက်ကျိလွန်းတော့သည်။ ခရိုးခယိုင်ခြေလှမ်းတွေက ရှေ့တစ်လှမ်း၊ ဘေးတစ်လှမ်း မျက်ခွံတွေလည်း ထူထဲလေးလံလှသည်ဟု မိုတ်မကျသွားစေရန် မနည်းအားယူဖွင့်ထားရသည်။

သူ အသေအချာကြည့်လိုက်တော့ _ လူရိုးခေါင်းခွံကြီးရပ်တန့်သွား

ရခြင်းမှာ ကလေးတစ်ယောက်မွေ့ဖက်ထားလိုက်ရှိဖြစ်သည်။ အသေအချာ မသဲကွဲပေ။

''ဖေ ... ဖေ ...''

သူအသေအချာကြည့်လိုက်တော့ ဦးခေါင်းရိုးခွံကြီးပွေ့ထားသူသည် သားသားဖြစ်နေ၏။

''သားသား _ အဲဒါကြီးကိုမကိုင်နဲ့လွတ်ချလိုက် _ လာ _ ဖေဖေ့ဆီလာ _ သားလေးရယ် _ ဖေဖေနဲ့ မေမေစိတ်ပူနေရတာ _ သားလေး ပျောက်သွားလို့ သားမေမေဆိုအိပ်ရာထဲလဲနေပြီ _ တော်ပါသေးရဲ့သားလေး ရယ် ... ပြန်မတွေ့တော့ဘူးအောက်မေ့နေတာ၊ ကဲကြီးပေလို့ပေါ့ ... လာ ဖေဖေ့ဆီလာ ...''

သားလေးဆီသူလက်ကမ်းရင်းက ခြေလှမ်းတွေညွတ်ခွေလို့သွား၏။

ဦးခေါင်းသည် ခေါင်းအုံးရိုက်ပွဲမှာအဆက်မပြတ်အရိုက်ခံရသော ဦးခေါင်းလို တဖုံးဖုံးတဒုန်းဒုန်းမြည်ဟည်းကာ ကိုက်ခဲမူးမိုက်နေလေပြီ။

ဒုန်း ...

ဒုန်း ...

ဒုန်း ...

တဒုန်းဒုန်း တဒိုင်းဒိုင်း ငရဲပွက်မတတ်ကျယ်လောင်သောအသံများ သည်ဘယ်ကလာသနည်း။

သူဦးခေါင်းထဲမှလား ...

အရိုးခြောက်ဦးခေါင်းခုနစ်ပေါက်သံလား ...

သားသားလေးခြေသံလား ...

www.burmeseclassic.com

www.burmeseclassic.com

သို့တည်းမဟုတ် _ သူငယ်ချင်းဒေါက်တာသိုး မူးမူးရွဲရွဲနဲ့ ပြေးလာတဲ့ခြေသံလား ...

သူမဝေခွဲနိုင်ပါ။

သူရင်ထဲမှာဖို့တက်လာ၏။ အော်ဂလီဆန်အနုပ်ရူးစုကြီးထဲမှာ ခရေပန်းနဲ့တွေက အဆိုးဆုံးလို့ထွက်လို့နေသည်။

သူသိလိုက်သည်။ သူသတိလစ်မေ့မျောတော့မည်။ အုန်ဆိုးကြီး၏ ဒဏ်ကိုမခံနိုင်သည့်အဆုံး သူမူးမေ့လဲကျသွား၏။ လက်နှိပ်ဓာတ်မီးလည်းပြုတ်ကျသွားသည်။

သို့သော် သားသား၏လက်ကလေးကိုတော့ သတိကြီးစွာဖမ်းဆုပ်လိုက်ပါသည်။

သားသားလက်က သူဆုပ်ကိုင်ရင်းနဲ့တဖြည်းဖြည်းကြီးလာသည်ထင်၏။

ထင်တာမဟုတ်။ အသေအချာကိုကြီးမားခြင်းဖြစ်သည်။ သားသားလက်သည် လူကြီးတစ်ယောက်လက်တစ်ဖက်ဖြစ်နေသည်။ ထိုလက်က သူ့ကို ဒရွတ်တိုက်ဆွဲခေါ်လျက်ရှိသည်။

''မင်းဘယ်သူလဲ ... ခင်ဗျားဘယ်သူလဲ ... ကျုပ်သားမဟုတ်ဘူး။ ကျုပ်သားဘယ်ရောက်သွားပြီလဲ ... လွှတ် ... ကျုပ်လက်ကိုလွှတ် ...''

''သူ သွေးရွဲသွေးတန်းအော်ဟစ်တောင်းဆိုနေပေမယ့် ထိုလက်ကြီး၏ ဆုပ်ကိုင်မှုက မလျော့သွားသည့်အပြင် ပိုလို့ပင်တင်းကြပ်လို့လာသည်။

သူလေးပင်သောမျက်ခွံတွေကို အတင်းဖြဲကာ သူလက်ကိုဆွဲနေသည့် သူကိုကြည့်လိုက်၏။

မိန်းမတစ်ယောက် မျက်နှာလေးကလှပသလောက် ကြမ်းတမ်းခက်ထန်လွန်းလှသည်။

ထို့အတူ သူကိုဆုပ်ကိုင်ထားသော လက်ချောင်းများက အလွန်တရာလှပပျော့ပျောင်းသလောက် ကျန်သည့်ဘယ်ဘက်လက်သည် လက်မောင်းရင်းနေရာ၌သာ လက်ချောင်းပိစိညောက်တောက်လေးများရှိနေသော လက်တိုကြီးတစ်ဖက်နှင့် မိန်းမချောဖြစ်သည်။

''မင်း ... မင်း ... ဘယ်သူလဲ''

ကောင်မလေး ပါးစပ်အပိတ်အဖွင့်ကိုကြည့်ကာ ညီထွေးဖာသာဘာသာပြန်လိုက်၏။

''ဘယ်သူ _ မလက်တို့ဟုတ်လား''

ကောင်မလေးပြုံးပြီး ခေါင်းညိတ်သည်။ ပြီးတော့ သူလက်ကိုခွေးသေကောင်တစ်ကောင်ဆွဲနည်းမျိုးဆွဲသွား၏။

''လွှတ် ...''

သူအော်ပေမယ့် သူအသံကခွေးအူသံရည်မျောမျောကြီးထဲ နစ်ဝင်သွားလေပြီ။

အူ ...

အူ အူ ...

အူး ...

သူခန္ဓာကိုယ်သည် ကောင်မလေးဆွဲခေါ်ရာသို့မြောက်ခနဲ ပါသွားတော့သည်။

''ညီထွေး ... သတိထား _ ညီထွေး ...''

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

ဘုမေနှစ်မောက် သားတစ်မောက်

SINGLE SON OF DOUBLE MAM

ဂီး ...

ဂစ် ... ဂစ် ...

ဂီး ...

စူးရဲစက်စုပ်ဖွယ် ငှက်ဆိုးထိုးသံကြီးကြောင့် နိုလေးရင်ခုန်သံတဒိန်း ဒိန်းညံသွား၏။

ညငှက်ဆိုးတစ်ကောင်သည် သူမဦးခေါင်းအထက် ဝဲယာရှေ့နောက် ဝဲ့ဝဲပြီးလျှင် ထိုတိုက်ပျက်ကြီးဆီသို့ ပျံသန်းသွားလေသည်။

တကယ်ကငှက်ဆိုးကို သူမသဲသဲကွဲကွဲမမြင်ရပါ။ ထွက်ပေါ်လာသည့် အသံကို ထောက်ချင့်၍ခန့်မှန်းခြင်းသာဖြစ်၏။ လမိုက်ညနက်ကြီးထဲမှာ ဘယ် အရာငှက်ဆိုး၊ ဘယ်အကောင်ငှက်ကောင်းရယ်လို့ သူမဘယ်လိုလုပ်ပြီး ခွဲခြား နိုင်ပါမည်နည်း။ ပြောသာပြောရသည် မြင်ရလို့ သဲသဲကွဲကွဲတွေ့ရရင်တောင် ငှက်အကောင်းအဆိုးကို သူမခွဲခြားတတ်သည်မဟုတ်ပေ။ ညနက်ကြီးကို ကျွဲခြစ်

ဝိုးတိုးဝါးတား တိုးတိုးလေးကြားလိုက်ရ၏။ သူငယ်ချင်းဒေါက်တာ သိုး၏ခေါ်သံလို့တော့ထင်မိပါသည်။ ဒါကိုပဲနောက်ဆုံးသိသည်။ ပြီးတော့ သူအာရုံတွေ ပိတ်ပိတ်ပိန်းမှောင်ကျသွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ကုတ်ဖဲ့လိုက်သလို ချောက်ချောက်ချားချားအဆက်မပြတ်ကြီးနေရသော နားမခံသာဖွယ်ရာ အသံကြီးမို့ ငှက်ဆိုးထိုးသံဟု သူမ သတ်မှတ်မိခြင်းဖြစ်သည်။

ဂီး ...

ဂီး ...

ဟော _ ငှက်ဆိုးကြီး သူမဦးခေါင်းထက်ဝန်းကျင်ဝဲဝိုက် ပျံသန်းနေရာမှ ဟိုးခပ်လှမ်းလှမ်းမှာရှိသည်။

တိုက်ပျက်ကြီးဆီရွှေ့လျားပျံသန်းသွားလေပြီ။ ငှက်ဆိုးနှင့် သူမ လမ်းကြောင်းချင်းတူနေပြီ။

ဟုတ်သည်။

နီလေးလည်း ထိုခွေးအူသံတိုက်ပျက်ကြီးဆီသွားရမည်။ သားသားလေး ကိုရှာဖွေနိုင်ဖို့ နီလေးသွားရမည်။

ဒါဆို _ ငှက်ဆိုးကြီးတွေကရော _ သားရှိလို့လား _ နီလေးနည်းတူ ငှက်ဆိုးကြီးသည်ရော ... သားပျောက်ရှာရန် တိုက်ပျက်ကြီးဆီသို့သွားခြင်းလား။

ဒီလိုတွေးမိတော့ နီလေးကျောတစ်ချက်တွန့်သွား၏။

အချမ်းသီးလား အကြောက်သီးလားမသိပေမယ့် တစ်ခါမျှမကြုံစဖူးသောကြောက်သီးဖုဖုများ နီလေးတစ်ကိုယ်လုံးမှာ အဖီးဖီးထသွားပါသည်။

အို _ ရင်ခုန်သံတွေကလည်း ကြောက်စရာကောင်းလောက်အောင်မြန်နေပါပေါ့လား။

အနည်းဆုံးလေရောင်လေးရှိနေရင် အားတက်စရာကောင်းဦးမည်။ အခုတော့ ဖြိုးဖြိုးဖျပ်ဖျပ်ကြယ်ရောင်တွေကိုသာ အားကိုးအားထားပြုပြီး သူမ

လမ်းလျှောက်နေရသည်။

ကောင်းကင်ရင်ပြင်ကျယ်တပြန့်တပျော့မှ ကြယ်ရောင်တို့ကြောင့် ဝိုးတဝါးအလင်းရောင်တို့ရှိနေ၏။ ပိန်းပိတ်အောင်မှောင်နေခြင်းတော့မဟုတ်ပေ။ ထိုဝိုးတိုးဝါးတားအလင်းရောင်အားနဲ့ပင် ခပ်လှမ်းလှမ်းရှိ တိုက်ပျက်ကြီးကို လှမ်းမြင်နေရသည်။

တိုက်ပျက်ကြီးဆိုပေမယ့် နီလေးလှမ်းမြင်နေရသမျှတော့ မှိုးတိုးမှောင်တောင်ထဲမှ ထိုးထိုးထောင်ထောင် မှောင်မှောင်မည်းမည်း အဆောက်အဦတစ်ခုသာဖြစ်၏။

ပျက်ခြင်းကောင်းခြင်းကို ခွဲခြားမမြင်သာပါ။

နီလေး လေးလံသောခြေလှမ်းများနဲ့ လျှောက်လာခဲ့မိသည်။

ငှက်ဆိုးထိုးသံက တိုက်ပျက်ကြီးနဲ့နီးလာလေလေ _

သူမကိုယ်သူမ မကြောက်တတ်ဘူးဟုထင်ထားသော နီလေးရှေ့သို့တစ်လှမ်းတိုးဖို့ပင် တွန့်ဆုတ်လျှက်ရှိသည်။

ကြောက်မိခြင်း၏နောက်မှာ ကြောက်စရာအတွေးတွေက ထပ်ကြပ်မက္ကာတိုးကပ်လာ၏။

အမဲသားတွဲဆွဲထားသည့် သွေးသံရဲရဲမိန်းမတစ်ယောက်၏ ပုံရိပ်က အတွေးပုံရိပ်ထင်ရှားဖြစ်တည်နေသည်။ သောကနှင့်လောင်မြိုက်နေသော နီရဲပြူးကြောင်ကြောင်မျက်လုံးအစုံကို နောက်တစ်ကြိမ်တွေ့ရပါလျှင် သူမတစ်ထိုင်တည်း ရူးသွပ်သွားမည်မှာမုချမလွဲ။

သူမတို့မိသားစု မောင့်ဇာတိမြို့ကိုပြန်မိခြင်းသည် ကံဆိုးစေဖို့များပြီး လေရော့သလားလို့တွေးမိတော့ မောင့်ကိုစိတ်တိုမိသည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်ဆို မောင်သည် ယောကျ်ားတစ်ယောက်ပီပီ၊ ဖခင်ကောင်း တစ်ယောက်ပီပီ သားသားပျောက်သွားတာကို စွတ်စွတ်ရွတ်ရွတ် မတွေ့တွေ့ အောင် ရှာသင့်သည်။

အခုတော့မယားကိုမင့်ကွက်၊ သားကိုလည်းထည့်မတွက်ဘဲ ဘော်ဒါနဲ့ တွေ့ ယမကာမွေ့နေသတဲ့။

ဟွန်း ... ဒီ မောင်တစ်ယောက်ကိုတော့ စိတ်ရှိတိုင်းသာဆွဲပြဲ ကုတ်ဖဲ့လိုက်ရလျှင် တစ်စစီဖြစ်ရော့မည်။

သူမမှာတော့ ... သားဖောတက်လို့သာလာရသည်။ အားကိုးရာမဲ့ အားနွဲ့သည့်မိန်းမသားမို့ အားငယ်ရပါ၏။

ရှေ့မတိုးရဲ နောက်မဆုတ်ဝံ့ ခြေထောက်အစုံသည် အနီးကပ်မြင်နေရ ပြီဖြစ်သော ထီးထီးမားမားတိုက်အိုပျက်ကြီးကိုကြည့်လိုက် _ အပြန်လမ်းဆုံး ပင်ချုံနွယ်ပိတ်ပေါင်းတို့ ပြည့်လျှမ်းသော နောက်ကျောဘက်ကို လည်ပြန်ကြည့် လိုက် ... ဇဝေဇဝါစိတ်နဲ့ရပ်တန့်နေဆဲမှာ ...

ရှုပ် ...

ရှုပ် ...

ရှုပ် ...

သူမအနီးမှ ပွတ်ခါသီခါလေးကျော်တက်သွားသော ခြေသံနှင့်အတူ ခရေပန်းရနံ့သင်းသင်းကို ရှူရှိုက်လိုက်မိသည်။

သူမ ရုတ်တရက်မို့ အားတတ်သွား၏။

တစ်ကိုယ်တည်းဖြစ်နေ၍ စိတ်အားငယ်နေသောနီလေး သူမရှေ့ကို ကျော်တက်သွားသောလူကို အဖော်လုပ်ရန် စိတ်ကူးရသွား၏။

စိတ်ကူးနှင့်အတူ ...

"ဒီမှာ ခဏလောက်စောင့်ပါဦးရှင် _ ကျွန်မလည်း ဒီတိုက်ပျက်ကြီး ထဲသွားမလို့ပါ"

ပြောလည်းပြော၏။ လက်ကလည်း ထိုအမျိုးသမီး၏လက်ကို လှမ်းဆွဲ လိုက်သည်။

သို့သော် ... လက်ကိုမဆွဲမိပါ။ လက်ဟုသူမထင်မှတ်ထားသော အရာသည် လက်မရှိသည့်အကျီလက်ရှည် လက်ပြတ်ကြီးသာဖြစ်၏။

နီလေးအံ့သြအားနာစွာ လက်လွှတ်လိုက်၏။

"ဟို ... အယ် ... နီလေးတောင်းပန်ပါတယ်ရှင် ... နီလေးမသိ လို့ပါ"

"ရပါတယ် မွေးကတည်းက လက်တစ်ဖက်မရှိခဲ့တာဆိုတော့ ဒီချို့တဲ့ မှုအတွက် မလက်တိုနေတတ်ထိုင်တတ်ရှိနေပါပြီ _ "

အသံညီညွတ်ချိုသာသလောက် ရုပ်ဆင်းသွင်ပြင်မှာလည်း ပြစ်မျိုး မှည့်မထင် လှပတင့်တယ်သည်ကို ဝိုးတဝါးအလင်းရောင်အောက်မှာပင် မထင် မရှားတွေ့ရသည်။

ပြီးတော့ နီလေးဘာစကားမျှ ဆက်မပြောတတ်အောင် အားနာမိပါ သည်။

"ရှင်ကတိုက်ပျက်ကြီးကို ဘာကိစ္စလာတာလဲ"

"ဒီတိုက်ပျက်ကြီးထဲ နီလေးသားလေးဝင်သွားတာ ပြန်ထွက်မလာ လို့"

"ဩော် _ သားပျောက်တဲ့နောက်တစ်ယောက်ပဲကိုး အင်းပါ့လေ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှိတဲ့လူအိမ်ပျောက်နိုင်တယ်၊ ရွှေရှိတဲ့လူရွှေပျောက်နိုင်တယ်၊ သားရှိတဲ့လူ သားပျောက်နိုင်တယ် ... ကားရှိတဲ့လူကားပျောက်နိုင်တယ်၊ မယားရှိတဲ့လူ မယားပျောက်နိုင်တယ်၊ မလက်တိုလို ဘာမှမရှိတဲ့လူအဖို့ ပျောက်စရာမလိုတော့ ဘူးပေါ့။ နဂိုကတည်းက လောကခံကဖျောက်ပေးထားပြီးသား။ အဖေမရှိ အမေ မရှိ၊ လင်မရှိ၊ သားမရှိ၊ အသက်မရှိ၊ လက်မရှိ ... မလက်တိုမှာရှိတာဆိုလို့ တိုက်ပျက်ကြီးတစ်လုံးနဲ့ ခွေးအိုကြီးတစ်ကောင်ပဲ ... ''

အလိုမပြည့်လေသံနှင့် မိန်းမချောလေးသည် နာကြည်းမျက်ဝန်းတွေ တဖျပ်ဖျပ်လက်သွားတ၏။

သူမ ဘာတွေပြောနေသည်ကို နီလေးနားမလည်ပါ။ သူမမျက်ဝန်းတွေ နူးညံ့မှုပျောက်ကွယ်ကာ ကြမ်းရိုင်းခက်ထန်ရော်သွားတာကိုတော့ တစ်ရံမလပ် အကဲခတ်နေသော နီလေးတွေ့လိုက်ပါသည်။

အမျက်ဒေါသနှင့်အတူ ရက်စက်သော သတ်ရိပ်ဖြတ်ရိပ်များ တဖိတ်ဖိတ်လက်လာသည်ဖို့ နီလေးနောက်လှည့်ပြေးရန် ခြေလှမ်းပြင်လိုက်တ၏။

ထိုစဉ် ...

''မေ ... မေ ... ''

သားသား၏အော်သံကြောင့် နီလေးခြေအစုံတုံ့ကာ လှည့်ကြည့်လိုက်တ၏။

''သားလေး ... ''

''မေ ... မေ ... ''

သားသားအသံသည် တိုက်ပျက်ကြီးထဲမှ ထွက်လာခြင်းဖြစ်သည်။

အံ့ဆို သားသား ဒီတိုက်ပျက်ကြီးထဲမှာ ရှိနေတာသေချာသည်။

သားလေး၏အသံသည် သူမလက်ငင်းခံစားနေရသော ကြောက်စိတ် အားလုံးကို အရည်ဖျော်ပစ်လိုက်သည်။

သို့ပို့ကြောင့် ... သူမတွန့်ဆုတ်မကြွက် ရဲနေသော မလက်တိုဆိုသည့် အမျိုးသမီးကိုသည်းခံကာ၊ သူမထိတ်လန့် တုန်လှုပ်စိတ်နဲ့ မဝင်ရဲသော တိုက်ပျက်ကြီးတိုသည်းကောင်း ကြောက်ရန်သာ မရတော့ပေ။

''သား ... ''

နှလုံးသားထဲလိုက်ဖက်လာသော အသံနဲ့အော်ဆော်လျှက် နီလေး တိုက်ပျက်ကြီးထဲ ပြေးဝင်သွားမိသည်။

''သား ... သား ... ဘယ်မှာလဲ ... ''

မှောင်နဲ့မည်းမည်းတိုက်ပျက်ကြီးထဲသို့ ဒရကြမ်းတိုးဝင်ရင်းက သားကို အဆက်မပြတ်ခေါ်မိသည်။

''သား ဒီမှာ ... မေမေ''

သားလေးအသံကြားရာ အခန်းထဲသို့နီလေးဝင်လိုက်သည်။

ဖယောင်းတိုင်မီးလဲ့လဲ့လင်းနေသည့် အခန်းထဲအလောတကြီးဝင်မိသည်နှင့် ...

''အွန့် ... ''

တစ်စုံတစ်ယောက်နဲ့တိုက်မိခဲ့ကြသည်ဟုကိုရာ ...

''ဟင်''

တစ်ကိုယ်လုံးအပဲသား သွေးညှီနံ့တွေနံဟောင် ခဲတွတ်နေသော ဝိန်းဝ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

နီလေးနှင့်ထိုမိန်းမ တစ်ယောက်ကိုတစ်ယောက် ခေတ္တသူ မှင်တက်မိကာကြည့်နေစဉ် ...

"မေ ... မေ"

"သားလေး"

"သားသား"

သားလေးခေါ်သံကြား၍ သူမဝမ်းသားအားရထူးလိုက်၏။

သူမနှင့်အတူသွေးသံရဲရဲနှင့်မိန်းမလည်းထူးလိုက်သည်။

နီလေးစိတ်တိုက်ခွာဖြင့် ထိုမိန်းမကိုကြည့်တော့ ထိုမိန်းမကလည်း နီလေးကိုစိတ်ဆိုးမာန်ဆိုးကြည့်နေသည်။

သို့ပေမယ့် နှစ်ဦးလုံးအကြည့်ချင်းဆုံမှက တာမရှည်ပါ။

"မေ ... မေ"

အခန်းထောင့်မှာ ညှိုးငယ်စွာရပ်နေသော သားသားနောက်တစ်ကြိမ် ခေါ်သံက နီလေးနှင့်ထိုမိန်းမကို တပ်လှန့်နှိုးလိုက်သလိုဖြစ်သွား၏။

မြင်ဖောင်းမှလွှတ်သော မွန်ဂိမြင်းကြီးများလို သားလေးထံပြေးဖက်လိုက်၏။

အားရပါးရဖက်နမ်းရှိုက်လို့ပင် အားမရနိုင်ပေ။

သို့သော် _ သားကိုယ်လေး သားမျက်နှာနုနုလေးမှာ သွေးညှိန့်တွေရ၍ စိုးရိမ်စွာကြည့်မိသည်တွင် ...

သူမဖက်ရင်းနမ်းရှုံမိသူမှာ သားလေးမဟုတ်ဘဲ သွေးရဲရဲနဲ့မိန်းမဖြစ်နေပါတော့သည်။

"နင်ဘယ်သူလဲ _ ဖယ် _ ငါ့သားလေးဘယ်မှာလဲ _ ငါ့သားကို

နင်ဘာလုပ်လိုက်သလဲ ... ငါ့သားအခုဘယ်ရောက်သွားပြီလဲ ... "

"ဘာ ... နင်ကမှ ငါ့သားကိုလုတဲ့မိန်းမ ခုနကတွေ့လိုက်တာ နင့်သားမဟုတ်ဘူး ငါ့သား"

"အလို လို _ သူခိုးကလူဟစ်မနေနဲ့ _ အဲဒါငါ့သားဟဲ့၊ ငါနဲ့ကိုညို ထွေးရဲ့သား"

"မဟုတ်ဘူး ... ငါနဲ့ကိုပေသီးရဲ့သား"

"အောင်မယ် _ လိမ်ချင်သေးတယ်၊ ဒီလောက်တောင်ဖြစ်လှတယ်ကဲဟယ် ... မကောင်းဆိုးဝါးတစ္ဆေမ"

နီလေး သည်းမခံနိုင်သည့်အဆုံး ထိုမိန်းမတ်ဆံပင်ကိုဆောင့်ဆွဲပစ်လိုက်၏။

"အား ... ငါ့ကိုလုပ်တယ် မိစ္ဆာမသေပေတော့ ... "

ထိုမိန်းမကလည်း လက်သည်းချွန်များဖြင့် နီလေးမျက်နှာကိုကုတ်ခြစ်၏။

နီလေးနှင့်ထိုမိန်းမလုံးထွေးသတ်ပုတ်နေချိန်မှာ ...

ဒေါက် ... ဒေါက် ... ဒေါက် ...

"ဟင်း ... ဟင်း ... ဟင်း ... "

ခြေသံတစ်သံ တရွေ့ရွေ့ဝေးကွာသွားသလို _ ခပ်ညင်းညင်းရယ်သံသဲ့သဲ့ကို ကြားလိုက်ရ၍ နီလေးနှင့်သွေးသံရဲရဲမိန်းမ သတ်ပုတ်မှုရပ်တန့်သွားတော့သည်။

အဲဒီအချိန်မှာပဲ ... ဆွဲငင်တုန်ယင်သော ခွေးအူသံကြီးကြောင့် နီလေးခြေဦးတည့်ရာ ပြေးထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

နွေးချမ်းသာရွာနွယ်

AYE-CHAN-THAR-VILLAGE

"မင်းပြောတဲ့ အေးချမ်းသာရွာဆိုတာ မရောက်သေးဘူးလား သိုး ရာ ... "

"အချိန်တန်ရင်ရောက်မှာပေါ့။ လင်းဆုံးရင် ရွာရောက်မယ်ဆိုတဲ့ ဆွေးစကားက အလကားထားခဲ့တာမဟုတ်ဘူး ကားခေါင်းတည့်တဲ့လင်းအုံတိုင်း သာမောင်း နောက်တစ်ခါ ငှဲ့ကိုထပ်မမေးနဲ့ ခွေးဟောင်သံကြားရင် ရွာရောက် ပြီမှတ်လိုက်။ မင်းနဲ့ပြောရတာ လေကုန်တယ် ညီလေးရာ ... ဘီယာစုပ်ရ သလောက် ခံတွင်းမတွေ့ဘူး"

"ဖောင် ... "

ရေခဲပုံးထဲမှ ဘီယာတစ်လုံးဖောက်ဖောက်၊ မော့မော့ ဖောက်မော့ ထိုက်သောဒေါက်တာသိုးကို ညီလေးမျက်မှောင်ကြုံးပြီး ကြည့်လိုက်ခါ။

"သိပ်မသောက်နဲ့ဦး သိုးရဲ့ ရွာမရောက်ခင်ကျမ်းစိုက်နေဦးမယ်။

ဖောပေမယ့်မရော်ရဲ့ တိုက်ပွဲကြီးဆီမှခွေးအူသံကား ယခုတိုင်ထွက်

ထေးနေဆဲသာ ...

+++

www.burmeseclassic.com

www.burmeseclassic.com

ဟိုတစ်ခါ ခွေးအူသံတိုက်ပျက်ကြီးမှာ အိပ်ပျော်ခဲ့လို့ ပြဿနာဖြစ်တာတောင် အမှတ်သညာမရှိတဲ့ကောင် _ မင်းတော့ငါမပြောချင်တော့ဘူး''

''ဟား ... ဟား ... ဟား ...''

ဘီယာတစ်ကျိုက်မော့ပြီး ဒေါက်တာသိုး ဟားတိုက်ရယ်လိုက်တော့ ညီထွေးနေရထိုင်ရခက်သွား၏။

''ဆိုသေးတယ် ညီထွေးရယ် _ အဲဒီညက ငါကယ်လို့မင်းအခုလို လူအဖြစ်ဆက်နေနိုင် သောက်နိုင်စားနိုင်သွားနိုင်လာနိုင်တာကိုများကွာ မဟုတ်ရင် ခုလောက်ရှိ ရက်လည်ဆွမ်းသွပ်နေရပြီ၊ ကိုညီထွေးရေ အမျှဆိုပြီးတော့ _ ''

ဒေါက်တာသိုးပြောတာမှန်သည်။ ခွေးအူသံတိုက်ပျက်ကြီး၏ မြေအောက်ခန်းထဲမှာ ထိုညကသူသတိလစ်လဲကျသွားခဲ့သည်။ ဒေါက်တာသိုး ဆွဲထုတ်ကယ်ခဲ့ရသည်။ ဇက်ကျိုးအောင်သောက်ထားသည့် အရက်သမားလန့်နိုးကာ သူကိုကယ်တင်နိုင် ခြင်းဖြစ်သည်မှာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့၏ အလိုဆန္ဒသာဖြစ်ပေမည်။

''မင်းလိုကောင်ကတော့ သေအောင်ကြောက်ပြမယ့်သူတဲ့ကောင်မျိုးပဲ''

''မဟုတ်သေးဘူးသိုး၊ ငါကြောက်တတ်တာမငြင်းပါဘူး၊ ဒါပေမယ့် အဲဒီညက ငါသတိလစ်သွားတာဟာ ကြောက်လို့သက်သက်မဟုတ်ဘူး''

''ငါကလည်းမင်းကို သက်သက်မခံချင်အောင်ပြောတာပါ၊ အဲဒီညက မင်းအဆိပ်မိပြီး သတိလစ်သွားမှန်းငါသိပါတယ်''

''ဘယ်လို ... ငါ အဆိပ်မိတယ်ဟုတ်လား ဒေါက်တာသိုး ... ''

ညီထွေးအံ့သြသင့်စွာ အော်မေးမိသည်။

''ဟုတ်တယ် ငါတောင် မင်းကိုအလျင်မီဆွဲထုတ်နိုင်ခဲ့လို့ မဟုတ်ရင် မင်းရောငါရောနှစ်ယောက်စလုံး မြေတိုက်ခန်းထဲမှာသေမှာ ... ''

''ငါတို့ကိုတယ်သူက အဆိပ်ခတ်ပြီးလုပ်ကြံတာလဲ၊ ငါတွေ့ရတာ အရိုးခေါင်းကြီးနဲ့ငှဲသားပဲ၊ အရိုးခေါင်းကြီးကလည်း ငှဲကိုအဆိပ်မခတ်နိုင်သလို ငှဲသားကလည်း ငှဲကိုအဆိပ်ခတ်ဖို့ဆိုတာ လုံးလုံးမဖြစ်နိုင်ဘူး၊ ငှဲကို ရှင်းအောင်ပြောစမ်းပါ သူငယ်ချင်းရယ် ... ''

ဒေါက်တာသိုး ဘီယာတစ်ပုလင်းကိုနောက်တစ်ကြိမ်ထပ်မော့လိုက်သေး၏။ ပြီးမှ ...

''မင်းရှင်းအောင်ပြောဖို့နေနေသာသာ ငါကိုယ်တိုင်တောင် ဂယက်ထာမသိဘူးညီထွေး ... ''

''ဟာကွာ ... မင်းစကားကလည်း အဟုတ်ကြီးလိုလိုနဲ့ အဖျားရှူးသွားပြီ''

ဒေါက်တာကြီးမျက်လုံးတွေသေးကျဉ်းကာ စဉ်းစား၏။ ပြီးမှအရာရာနှိုင်းဆချိန်ထိုးတတ်သော လူကြီးသူမဟန်ပန်ဖြင့် ...

''မင်းပြောသလို _ မင်းဟာ _ အရိုးခေါင်းကြီးနဲ့မင်းရဲ့သားလေးကိုတွေ့ခဲ့တယ်ဆိုတာ မင်းစိတ်က ကစဉ့်ကလျားဖြစ်ပြီး ထင်ယောင်မှားမြင်မိတာပဲဖြစ်မယ်၊ ငါတော့အဲလိုယူဆတယ်၊ လူတွေဟာ သိပ်ကိုချောက်ချားထိတ်လန့်လွန်းတဲ့အခါမှာဖြစ်စေ အာရုံကြောကိုထိခိုက်စေတဲ့ ကိုယ်ခံကျန်းမာရေးနိမ့်လွန်းတဲ့အခါမှာဖြစ်စေ ထင်ယောင်ထင်မှား အနှံ့တွေ၊ အရသာတွေ၊ ပုံပန်းသဏ္ဌာန်တွေ၊ အသံဗလံတွေ တွေးထင်လေ့ရှိတယ်တဲ့၊ ဒါငါပြောတာမဟုတ်ဘူး၊ စီဘ်ရောဂါအထူးကုပါရဂူကြီးတစ်ယောက်ရဲ့ဆောင်းပါးထဲမှာ ဖတ်ဖူးတာ''

www.burmeseclassic.com

www.burmeseclassic.com

ယူတာတော်ဆန်ဆန် တွေးတောပြနိုင်ခဲ့သည်။ သို့ပေမယ့် ညီထွေး သားလေး၏မျက်နှာကို အထင်အရှားမြင်ခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် သူ အငြင်းအခုန်မပြုလိုပါ။ ထို့အပြင်လည်း သူမသိသေးသည့်အဆိပ်မခြင်းကို သိလိုသေးသည်ကိုး။

"အဆိပ်"

"ဟုတ်တယ် ငါလည်းမင်းရှူမိခဲ့တဲ့အဆိပ်ငွေ့၊ ငါရှူမိခဲ့တဲ့အဆိပ်ငွေ့ အကြောင်းကို ပြောမလို့ပဲညီထွေး ... "

သူမေးခွန်းကိုကြိုတင်သိထားသော ဒေါက်တာသိုး၏စကားကို သူစိတ်ငြိမ်စွာနားစွင့်ထားလိုက်၏။

"ဒါမျိုးကဖြစ်တတ်တယ် ညီထွေး (Ventilation)၊ လေဝင်လေထွက်မရှိတဲ့ အလုံပိတ်အခန်းတွေ၊ ဥမင်လိုဏ်ခေါင်းတွေ၊ သင်္ဘောကုန်လှောင်ခန်း (HATCH) တွေ စတိုခန်းတွေမှာ (LACK OF OXYGEN) အောက်ဆီဂျင်ပြတ်လပ်မှုရှိတတ်တယ်၊ ဒါကြောင့်ရေတွင်းတူးတဲ့လူတွေတို့၊ ကျောက်မျက်ရတနာတူးဖော်ရှာဖွေတဲ့ လူတွေတို့ (HATCH CLEANING) သင်္ဘောကုန်လှောင်ခန်းရှင်းလင်းတဲ့လူတွေဟာ SAFETY BELT ကိုခါးမှာချိတ် အဲဒီလုံခြုံရေးခါးပတ်မှာကြိုးတစ်စချည်တယ်၊ ကျန်တဲ့ကြိုးတစ်စကိုတော့ တွင်းနှုတ်ခမ်း၀ HATCH နှုတ်ခမ်း၀မှာ Look out သတိပြုကြည့်ရှုဖို့ လူတစ်ယောက်အစောင့်ထားရတယ်၊ တွင်းထဲဆင်းတဲ့လူကအချက်ပေးရင် အပေါ်မှာရှိတဲ့လူက အချိန်မီကြိုးဆွဲကယ်တင်နိုင်အောင်လို့ပေါ့"

"အဲဒါကို ငါလည်းသိပါတယ်၊ ဖယောင်းတိုင်မီးထွန်းပြီး အောက်ဆီဂျင်ပြတ်၊ မပြတ်စမ်းတယ် အောက်ဆီဂျင်ပြတ်လို့ ဖယောင်းတိုင်ငြိမ်းရင် ကြိုးဆွဲပြီး အပေါ်ကလူကြိုးဆွဲနိုင်အောင် အချက်ပေးရတာမဟုတ်လား ... အခု ငါက

ညီထွေးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း သူဝယ်ချင်းစစ်ကားကို အလေးအနက်နားထောင်နေမိသည်။ ဒေါက်တာ့မျက်ဝန်းတွေကလည်းလေးနက်နေသည်။

ခုချိန်မှာ နောက်ထပ် တမော့ မော့လိုက်သော ဒေါက်တာသိုး၏ နှုတ်မှစကားကိုစောင့်ရတာ အချိန်အတော်ကြာသည်ဟုထင်မိတော့သည်။

ဒေါက်တာသိုး နှုတ်ခမ်းကိုလျှာဖြင့် တစ်ချက်သပ်ပြီး စကားဆက်၏

"အဲဒီညတုန်းက _ မင်းမှာထင်မိယောင်မှားဖြစ်စေဖို့ အကြောင်းအချက်ပြည့်စုံခိုင်လုံသွားတယ် ညီထွေး၊ ချောက်ချားစရာတိုက်ပွဲကြီးရဲ့ ဖြစ်အောက်ခန်းထဲရောက်ကတည်းက မင်းဟာထင်ယောင်ထင်မှား အတွေးမှုပ်ပြီတွေကို ပုံဖော်မိနေပြီ၊ နောက်တစ်ချက် မင်းဟာစိတ်ပင်ပန်း ကိုယ်ပင်ပန်း ပြန်ရုံသာမကသူ၊ အရက်လည်းမူးနေခဲ့တယ်၊ အဲဒါကြောင့် မင်းစိတ်ကူး (အကြောက်စိတ်ကူး)နဲ့ ပုံဖော်ခဲ့တဲ့ပုံရိပ်တွေဟာ ထင်ရှားလာလိမ့်မယ်၊ အကြီးကစိတ်ကူးအရ မင်းရဲ့ပျောက်ဆုံးသွားတဲ့သားလေးကို ပုံဖော်မယ်၊ အကြောက်စိတ်ကူးအရ လူဦးခေါင်းခွံအရိုးကြီးကို ပုံဖော်လိမ့်မယ်၊ အေး နောက်အရေးကြီးဆုံးအချက်ကတော့ _ မင်းအကြီးက အကြောက်စိတ်တူးပုံရိပ်တွေ အသက်ဝင်ထင်ရှားလောက်အောင် မင်းရဲ့အာရုံကြောတွေ ချိုယွင်းသွားစေအောင် မင်းဟာအဆိပ်ငွေ့ ရှူမိခဲ့ကတည်းက ရှူမိခဲ့မိနေလိမ့်မယ်၊ ဒီတော့မင်းရဲ့ပုံရိပ်တွေက ကြောက်စရာကြောက်စရာနှစ်မျိုးရောယှက်နေတဲ့ ရုပ်လုံးဖြစ် မင်းရဲ့သားလေးရယ် အရိုးကြီးရယ်အထင်အရှား တွဲစပ်ယှဉ်တွဲတွေ့လိုက်ရခြင်းပဲညီထွေး ... ငါတော့ ဒီလိုပဲတွေးခေါ်သုံးသပ်မိတယ်"

စနစ်တကျ Observe (ဆင်ခြင်သုံးသပ်)ပြသော ဒေါက်တာသိုးအပြု

www.burmeseclassic.com

www.burmeseclassic.com

အဆိပ်မိတာဆို ... ''

''ဟုတ်တယ်လေ အောက်ဆီဂျင်ပြတ်တောက်ခြင်းဟာ အောက်ဆီဂျင်နဲ့အသက်ဆက်နေရတဲ့(လူသား) သက်ရှိသတ္တဝါအတွက် အန္တရာယ်အကြီးမား ဆုံးအဆိပ်ပေါ့ ညီထွေးရယ် ... ဘယ်လိုဓာတ်ငွေ့ကိုမှ အဆိပ်ဓာတ်ငွေ့လို့ နာမည်တပ်ချင်လို့လဲ _ လူကိုရုတ်တရက်ဒုက္ခပေးစေတဲ့ ဓာတ်ငွေ့၊ လူအသက်ကို ချက်ချင်းဥပါဒ်ပေးနိုင်တဲ့ဓာတ်ငွေ့ အမျိုးအစား အများကြီးရှိတယ်လေ၊ တဖြည်းဖြည်းဒုက္ခပေးနိုင်တဲ့ ဓာတ်ငွေ့တွေလည်း အများကြီးပဲ''

ဒေါက်တာသိုး ဘီယာတစ်ကျိုက်ကျိုက်လိုက်ပြန်သည်။ ဘီယာအရက်တော်တော်ကြီးကြိုက်ရာသည့် သူငယ်ချင်းကိုကြည့်ကာ ညီထွေး နှုတ်ခမ်းတွေခြောက်လာ၏။

''အဲဒါဆို ... ငါတို့ရောက်ခဲ့တဲ့အခန်းမှာက အောက်ဆီဂျင်ပြတ်နေတာပေါ့ဟုတ်လား''

''ဖြစ်နိုင်တယ် တစ်စုံတစ်ခုပေါ့ကွာ၊ ဒါမှမဟုတ် တစ်စုံတစ်ခုထက် ပိုတာလည်းဖြစ်နိုင်တယ်၊ ဆိုလိုတာက အောက်ဆီဂျင်ပြတ်တာရော ... လူသွေးခန္ဓာကိုယ်ကို ဒုက္ခပေးနိုင်တဲ့ အဆိပ်တစ်မျိုးမျိုးရှိနေတာရောအားလုံးဖြစ်နိုင်တယ် _ ဘာလို့လဲဆိုတော့ မင်းအော်သံကြားလို့ ငါအမူးပြေလန့်နိုးပြီး မင်းရှိတဲ့မြေအောက်ခန်းထဲကိုရောက်ခဲ့တာနဲ့ တစ်ပြိုက်နက်တည်း အသက်ရှူကြပ်ပြီး ခေါင်းထဲမှာမိုက်ခနဲဖြစ်သွားလို့ပဲ _ ကြည့်လိုက်တော့မင်းကလည်း ကယောင်ကတမ်းအော်ပြီး ခြေကလန်လက်ကလန် ရုန်းကန်ပြီး သတိလစ်တော့မယ့်အနေအထားပဲ၊ အဲဒါကြောင့် ငါ မင်းလက်ကိုဆွဲပြီး အဲဒီမြေအောက်ခန်းထဲကနေ အမြန်တက်ခဲ့ရတာပဲညီထွေးရေ _ ဟင်း _ မင်းကိုရှင်းပြရတာနဲ့ပဲ

ဘီယာတစ်လုံးသောက်တာ အရသာမသိလိုက်တော့တူး _ ကဲ ဒီလောက်တောင် ရှိတဲ့ပုလင်းခွံ ဒိုးပေတော့ ... ''

ပြောပြောဆိုဆို ဒေါက်တာသိုးသည် လက်ထဲမှ ဘီယာပုလင်းခွံကို ကားတံခါးမှအပြင်သို့ပိုးခနဲဝဲလိုက်သည်။

ကိန် ...

ဝုတ် ဝုတ်

ဝေါင်း

ဘီယာပုလင်းခွံထိမှန်မည်ကိုတွက်ဆမထားသော ခွေးနက်ကြီးတစ်ကောင်မှာ အမှတ်တမဲ့ဒဏ်ရာကြောင့် နာကျင်လွန်း၍ ခေါင်းတခါခါမူးဝေကာ ကိန်ခနဲညည်းရှာ၏။ ခပ်ဝေးဝေးပြေးမိသွားတော့ သရဲဘောကြောင်သော သတ္တဝါတို့၏ စရိုက်အတိုင်း တဝုတ်ဝုတ်ရန်လိုက်။ နောက်မမီလိုက်နိုင်အောင်ဝေးသွားချိန်မှာတော့ သူမိုက် (မိုက်မဲသောသတ္တဝါပီပီ) အသံကျယ်ကြီးတင်ချီကာ ဟိန်းဟောက်အော်ဟစ်နေပါသည်။ သူခိုးပြေးမှထိုးကွင်းထကာ ခက်ခမောင်းတဖြောင်းဖြောင်းခတ်သော လူမိုက်ငကြောင်တို့နှင့် အမူအကျင့်တစ်ထပ်တည်း တူလှသည်။

''ရွာရောက်ပြီ ညီထွေး ... တွေ့တယ်မလား၊ ခွေးဟောင်ရင် ရွာရောက်ပါမယ်လို့ ငါပြောသားပဲ''

''ဟား ဟား ဟား လမ်းဆုံးရင်ရွာတွေ့၊ ခွေးဟောင်ရင်ရွာရောက်ရိုးမှန်ပေမယ့် ဒီခွေးနက်ကြီးဟောင်တာကတော့ မင်းပယောဂလုံးလုံးပါတယ်ဖိုးခွေး''

''ဟား ... ဟား ... ဟား ... ''

www.burmeseclassic.com

www.burmeseclassic.com

သူတို့သူငယ်ချင်းနှစ်ယောက် ဟားတိုက်ရယ်မောနေချိန်မှာ ...

"ဝေါင်း ... အူ ... ဝေါင်း"

မာန်ဖီတစ်ခါ အူတစ်လှည့်နဲ့ ခွေးနက်ကြီးသည် အုတ်ဂူဖွေးဖွေးသချိုင်းလေးဆီသို့ပြေးသွား၏။

ညိုထွေးသနားစိတ်နဲ့အကြည့်ရောက်တော့ မိန်းမပျိုတစ်ယောက် အုတ်ဂူတစ်လုံးပေါ်တွင် တင်ပလဲထိုင်ကာ သူတို့ ကားလေးကို ပြူးပြဲစူးရဲစွာ ကြည့်နေ၏။

သူမထံအားကိုးတကြီးပြေးဝင်သွားသော ခွေးနက်ကြီးကို နှစ်သိမ့်လက်ကမ်းလိုက်၏။

ခွေးတစ်ကောင်အပေါ်မှာပင် ချစ်ခင်ကြင်နာခြင်း မေတ္တာစိတ်က တစ်ဖက်၊ ငဲ့ညှာသနားခြင်းကရုဏာစိတ်ကတစ်ဖက်နဲ့ မွန်မြတ်လှပသောမိန်းမပျိုတစ်ယောက်၏လက်ကတော့ တစ်ဖက်တည်းသာရှိသည်ကို စိတ်မကောင်းဖွယ်တွေ့လိုက်ရသည်။

လက်တစ်ဖက်မရှိသည့် မိန်းမချောလေး၏မျက်နှာတင်းတင်းသည် သူ့ရင်ကိုနောင်ကြီးအထပ်ထပ်တုပ်နှောင်ဘိသည့်အလား မောဟိုက်မွန်းသိပ်သွားစေ၏။ ရင်မောရပါသည်။

တလုပ်လုပ်တုန်ရင်နေသောရင်ကိုဖိရင်း သူမှတ်မိလိုက်သည်။

ခွေးအူသံတိုက်ပျက်ကြီးမှ မလက်တို ...

အခန်း (၁၀)

ခြေသံလုံတဲ့သေမင်း

SILENT DEATH

"ကိုပေသီး"

"ဗျို့ ... ကိုပေသီး"

"တီတီတီ ... ကိုပေသီး"

တံခွန်ပြန်ထူးသံမကြားရပေ။ လမ်းပြလိုက်သောကောင်လေး ကားပေါ်မှဆင်းလျှက် နောက်တစ်ကြိမ်ထပ်ခေါ်၏။

"ကိုပေသီး"

မထူး။

ဒေါက်တာသိုး နောက်တစ်ကြိမ်ထပ်ခေါ်၏။

"ဗျို့ ... ကိုပေသီး"

ဒါလည်းမထူး။

"တီတီတီ ... ကိုပေသီး"

www.burmeseclassic.com

www.burmeseclassic.com

ညိုထွေး ကားဟွန်းလေးချက်ထပ်တီးပြီးခေါ်တ၏။ သို့သော် ဒါလည်း မထူး။

"ဆရာကြီးတို့ရေ _ ဒါလောက်ခေါ်လို့မှမထူးရင်အတော့် သေချာပြီ ဗျို့ ... ဒီလူကြီးချိတက်သွားပြီ"

ချာတိတ်လေးက အပိုင်အနိုင်ဆုံးဖြတ်ချက်ချလိုက်နိုင်သူတစ်ယောက်တ၏ သေချာခြင်းမျိုးနဲ့ပြောတော့ ညိုထွေးနှင့်ဒေါက်တာသိုး ဇဝေဇဝါမေးလိုက်ကြတ၏။

"ဘယ်ချိတက်တာသေချာတာလဲကောင်လေးရော"

"အရက်ဖိုပဲ"

"ဟေ ... ဟ ... အရက်ဖို"

ဒေါက်တာတ၏အားတတ်သရောလေသံနဲ့ မေးခွန်းသံယောင်ထွက်ပေါ်လာတ၏။

"ဟုတ် ... ရွာလယ်ချောင်က ကိုဖိုးသင်းအရက်ဖိုမှာရှိလိမ့်မယ်"

"ဒါဆိုလည်းတက်တော့ကောင်လေးရေ ... ငါတို့ကိုအရက်ဖိုသာလိုက်ပို့တော့"

"အဲ ... ဒေါက်တာကြီးတယ်လည်းတက်ကြွနေပါလား၊ အရက်ဖိုအသံလည်းကြားရော မျက်လုံးတွေကိုရွှင်လို့တောက်လို့ပျာ"

သူစိမ်းတရံပါလာသဖြင့် ဒေါက်တာကြီးခေါ်လိုက်ရတ၏။

ရောက်ပြီရောက်ပြီ၊ ဟော _ ဟိုရှေ့က ထန်းလက်တဲကြီးနဲ့ဝိုင်းက ကိုဖိုးသင်း ခြံဝိုင်းပဲ၊ ဗျို့ ... ကိုဖိုးသင်း"

ကောင်လေးက ကားပင်မရပ်သေးခင်မှာ အော်ခေါ်လိုက်တော့ ခြံထဲမှာ

ဟိုနေရာဖျာတစ်ချပ်နဲ့အရက်ဝိုင်း၊ ဒီနေရာဖျာတစ်ချပ်နဲ့အရက်ဝိုင်း _ ကိုယ်စီကိုယ်စီ အရက်လေးထွေရီထွေရီနဲ့ လူများတ၏စူးစမ်းအကြည့်များ ညိုထွေးတို့ထံစုံပြုံရောက်ရှိလာတ၏။

ခဏနေတော့မှ ခေါင်းကြီးကြီးပါးဖောင်းဖောင်းနဲ့ ညှင်းသိုးသိုးလူတစ်ယောက် တဲထဲမှထွက်လာတ၏။

"ဘယ်သူတုန်းဟ ... ခြေဘဲ ... ညွန့်မော်သား "ပေါက်စ"ကိုး၊ ဘာတုန်း ... အရက်အကြွေးဆွဲခိုင်းလိုက်တာလား _ သွား _ ကိုဖိုးသင်းက အရက်မရှိတော့ဘူးလို့ပြောလိုက်၊ ငါ့ဆိုင်က "ပါရှို"ဆိုင်ကွ "ပါရှို"ဆိုင် ငွေပါမှအရက်ရှိတယ်"

ကိုဖိုးသင်းဆိုသည့်လူ ကွမ်းသွေးပရပျစ်ပါးစပ်ကိုလက်ခုံနှင့်သုတ်ပြီး ပြောရင်းက သူတို့ကားလေးကို စူးစူးစမ်းစမ်းကြည့်တ၏။

"ဖိုးသင်း"

ဟု ဒေါက်တာသိုးခေါ်လိုက်မှ ရှေ့သို့တိုးလာတ၏။

"ဘယ်သူပါလိမ့်"

"ငါပါ _ ဒေါက်တာသိုးပါ _ မင်းထင်ရာတွေစွတ်ပြောမနေနဲ့ဦး၊ ဒီကလေးက ငါတို့ရဲ့လမ်းပြကွ ... ဟကောင်ရဲ့ ..."

"ဟောဗျာ _ ဒေါက်တာသိုးပါလား"

ထိုအခါကမှ ဇာတ်ရည်လည်သွားသော ကိုဖိုးသင်းသည် မျက်နှာအချိုးပြောင်းသွားတ၏။

"ဆင်းဦးလေးဗျာ ... ဒေါက်တာသိုး၊ ကျုပ်ဆီ အရက်သောက်သက်သက်လာတာ _ လေးစားတယ်ဗျာ _ သောက်ဗျာ၊ ဖိုးသင်းပါရှို့ ပါရှို

www.burmeseclassic.com

www.burmeseclassic.com

"သေတော့မသေသေးပါဘူး"

"ဒါဖြင့် ... သချိုင်းကုန်း ... "

"ဒီနေ့ _ သူမိန်းမရင်ရင်သေတာ ငါးနှစ်ပြည့်တဲ့နေ့လေဗျာ၊ သူက နှစ်စဉ် သူမိန်းမသေတဲ့နေ့ရောက်တိုင်း သူမိန်းမရဲ့အုတ်ဂူမှာညလုံးပေါက် အရက်သောက်နေကျဗျ"

"ဩော် _ အဲ့လိုလား၊ ဒါဖြင့်ကားပေါ်တက်ဖိုးသင်းရာ _ မင်းဆိုင်က ကောင်းပေ့ဆိုတဲ့အရက်တစ်ပုံး၊ အမြည်းအပြည့်အစုံကားပေါ်တင်ကွာ မင်း ဒီနေ့အရက်ဖိုးမြတ်သမျှ အမြတ်တွက်လိုက်၊ အလုပ်ဖျက်တဲ့အတွက် ငါပေးမယ်၊ အရေးကြီးတာက မင်းရယ်၊ မင်းဆရာကိုပေသီးရယ် ငါတို့သူငယ်ချင်း နှစ်ယောက်ရယ်၊ သချိုင်းကုန်းမှာအရက်သွားသောက်ဖြစ်ဖို့ပဲဟေ့"

"ဒေါက်တာ _ အဟုတ်ပြောတာလား"

"အဟုတ်"

"ဒါမျိုးတော့ဖိုးသင်းတို့က ပါရှိပဲဗျို့"

ငွေသံကြားလျှင် နှစ်ခါမဲ့ဆွယ်ဖို့မလိုသော ကိုဖိုးသင်းသည် လေတင်းသော ပူစီဖောင်းလေးတစ်လုံးလို ပေါ့ပါးကြွရွသွားတော့သည်။

အရက်ပုံးလည်းကားပေါ်တင်သည်။ အရက်အမြည်းလည်း ငှဲ့ဆင့်စတီးချိုင့်ကြီးနဲ့ထည့်သည်။

မှန်တောတောမျက်နှာပေးနဲ့ ညီထွေးတို့ လမ်းပြချာတိတ် "ပေါက်စ"ကိုလည်း မုန့်ဖိုးအပြင် ကောင်လေး၏အဖေ ညွှန့်မော်အတွက်ဟုဆိုကာ အရက်နှစ်လုံးပေးလိုက်ဇာ။

တပြုံးပြုံးမျက်နှာကြီးကို ချီလွင်လို့ပါပဲ။

ဖိုးသင်း _ အရက်အပြည့်ပါဗျ၊ နှစ်ချို့ကြိုက်လား၊ လချို့ကြိုက်လား၊ ထနောင်းခေါက်အရက်ကြိုက်လား၊ ဆန်အရက်ကြိုက်လား၊ ဦးရည်မစပ်ရည်သုံးဆယ့်ခြောက် ဒီဂရီကြိုက်လား၊ စပ်ရည်နှစ်ဆယ့်ခြောက်ဒီဂရီကြိုက်လား _ မိုက်ရဲလိုက်တော့ ကြိုက်ဆွဲပဲဗျို့ ... ဩော် ညည့်သည်လည်းပါလာသကိုး ... ကောင်းပါ့ဗျာ ... "

ကိုဖိုးသင်း ဒေါက်တာသိုးကိုဖက်လှယ်တကင်း ခရီးဦးကြိုပြု၏။ စောစောကလေသံနှင့် ချက်ချင်းဆန့်ကျင်သွားသည်မို့ ပေါက်စလေးက မှုန်ကစ်ကစ်အကြည့်နဲ့ကြည့်၏။ သို့သော် ဂရုမစိုက်။

အရက်သံကြားလျှင် မျက်နှာချို့သွေးလေ့ရှိသော ဒေါက်တာသိုးနှင့် ဖိုးသင်းကို ဒီအတိုင်းလွှတ်ထား၍မရတော့သည်မို့ ညီထွေးကြားဝင်လိုက်ရ၏။

"အရက်ဝယ်တာလည်းဝယ်ပါ့မယ်၊ ကိုဖိုးသင်းရယ် _ ဒါပေမယ့် ကျွန်တော်တို့ဒီရွာကိုလာတာ ကိုပေသီးနဲ့တွေ့ချင်လို့ပါ၊ ကျွန်တော့်ကားပေါ်မှာ ဘီယာပုလင်းတွေအလုံအလောက်ပါလာပါတယ်၊ ကိုဖိုးသင်းဆိုင်က အရက်နဲ့ တွဲပြီးသောက်ကြတာပေါ့၊ ကိုဖိုးသင်း၊ ကိုပေသီးနဲ့ ကျွန်တော်တို့နှစ်ယောက် ပိုင်းကြမယ်လေဗျာ"

ကိုဖိုးသင်းမျက်နှာချက်ချင်းပင် အင်တင်တင်ဖြစ်သွား၏။

"ဟုတ်တယ်ဖိုးသင်းရေ _ ကိုပေသီးဒီအရက်ဖိုမှာ ရှိနေတယ်မလား"

"မရှိပါဘူး ... ဒေါက်တာသိုး"

"ဟောဗျာ _ ငါတို့ကသူနဲ့တွေ့ချင်တာ"

"သူနဲ့တွေ့ချင်ရင်တော့ သချိုင်းကုန်းသာလိုက်သွားကြတော့ _ "

"ဟေ ... ကိုပေသီး သေပြီလား"

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမကြာလိုက်ခင်မှာ သူတို့ကားလေး သချိုင်းကုန်းရှိ သရဏဂုံတိုင်သည့် ရေပြင်ကြီးဆီသို့ရောက်ရှိလာကြလေပြီ။

ကားစက်သတ်ပြီး သူတို့ဆင်းသည့်တိုင်အောင် ကိုပေသီးတစ်အိမ်လုံး အယောင်ကိုမတွေ့ရသေးပေ။

"ဖိုးသင်း ... မင်းပြောတဲ့ ကိုပေသီးက သချိုင်းကုန်းမှာဆို ... ဘယ်မှာလဲဟ မတွေ့ပါလား"

"ဟိုးက အုတ်ဂူအဖြူလေးဘေးမှာရှိမှာပေါ့ ဒေါက်တာသိုးရယ်၊ အဲဒါ သူမိန်းမရင်ရဲ့အုတ်ဂူဗျ။ ကျုပ်တို့ရွာကအသစ်တည်တာ မကြာသေးတော့ သချိုင်းလည်းအသစ်စက်စက်ပဲရှိသေးတယ်"

ကိုဖိုးသင်းပြောတာမှန်သည်။ သချိုင်းကုန်းမှာ အုတ်ဂူတွေသိပ်များများစားစားမရှိသေးပေ။ အုတ်ဂူတွေသိပ်လည်း မဟောင်းနွမ်းသေးပါ။

ကိုဖိုးသင်းလက်ညှိုးညွှန်ရာသို့ ညိုထွေးကြည့်လိုက်တော့ ... သူကြက်သီးတဖျင်းဖျင်းထ၊ ခေါင်းကြီးသွေးရသည်။ သူ ကားပေါ်မှလှမ်းမြင်ခဲ့ရသော အုတ်ဂူဖြစ်၏။

"ဒါ ... ဒါ ... ညနေတုန်းက မလက်တိုထိုင်နေတဲ့ အုတ်ဂူ _ အုတ်ဂူ ... မလက်တိုထိုင်ခဲ့တဲ့ အုတ်ဂူ"

"ဟာ _ ဟိတ်လူလျှောက်မပြောနဲ့"

ကြောက်လန့်တုန်ယင်နေသော သူပါးစပ်ကို ... ကိုဖိုးသင်းမျက်မျက်နာပျက်ကာဖွတ်အတင်းပိတ်နေ၏။

"ကျွန်တော်လျှောက်ပြောတာမဟုတ်ဘူးကိုဖိုးသင်း _ အစ်ကိုတို့ရွာက ကိုမဝင်ခင်လေးကတင်ပဲ ... မလက်တိုနဲ့ခွေးနက်ကြီးကို ဟောဒီအုတ်ဂူ

မြင်ခဲ့တာ _ ကျွန်တော်ကားပေါ်ကနေ အသေအချာမြင်ခဲ့ရတာပါဗျာ"

ညိုထွေးအခိုင်အမာပြောလာလေ _ ကိုဖိုးသင်းမျက်နှာပျက်၍လာလေလေဖြစ်ကာ _

"တော် _ တော် _ တော်ပါတော့ဗျာ၊ မပြောပါနဲ့တော့၊ မလက်တိုနဲ့ခွေးနက်ကြီးကိုတွေ့လိုက်တဲ့နေ့ဆိုရင် ... ကျုပ်တို့ရွာထဲကတစ်ယောက်ယောက်သေတာနဲ့တိုက်ဆိုင်လွန်းလို့ပါ ... ဘုရား ဘုရား ဒီနေ့ရွာထဲက ဘယ်သူများ သေဦးမှာပါလိမ့်"

ကိုဖိုးသင်းမျက်နှာသည် ဖီးရွက်မျှသာရှိတော့ပြီ။ ကျိုးကန်းတောင်းမှောက်မျက်လုံးတွေက သချိုင်းကုန်းအနှံ့အပြားသို့ ပြူးလည်ထိတ်လန့်စွာကြည့်နေသည်။

"ဘုရား ဘုရား ... ကိုပေသီးတော့သွားပြီထင်တယ်၊ ကိုပေသီးမလက်တိုနဲ့တွေ့သွားပြီထင်တယ်၊ သွားပြီ ဆရာပေသီးသွားရှာပြီ"

ကိုဖိုးသင်း မနေနိုင်မထိုင်နိုင် ကြောက်ရွံ့စိတ်ပူလေမှ ညိုထွေးလည်း ကိုပေသီးအတွက် စိုးရိမ်သွားရသည်။

ထို့ကြောင့် သူတို့သုံးဦး မရင်ရင်၏အုတ်ဂူလေးဆီသို့ အလောတကြီး ပြေးသွားလေ၏။

အုတ်ဂူလေးအနီးရောက်သည်တွင် လူတစ်ယောက်လည်ပင်းမျက်နှာနှင့် ခန္ဓာကိုယ်အနှံ့မှာ သွေးသံရဲရဲ၊ ဒဏ်ရာများနှင့် သွေးအိုင်ထဲမှာလဲကျနေ၏။

"ကိုပေသီး _ ဆရာ _ အဖြစ်ဆိုးလှချည်လား _ ဆရာကိုပေသီးရဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com

ကိုဖိုးသင်းငိုကြီးချက်မနဲ့ အော်လိုက်သံ သချိုင်းတခိုမှာညံသွားသည်။

ထိုအခါ ကိုပေသီးသည်လဲနေရာမှ ... ဝုန်းခနဲ ထခုန်လိုက်၏။ လက်ထဲ မှာလည်း ဓားမြှောင်တစ်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

''အား _ ဖုတ် _ ဖုတ် _ ကိုပေသီး _ မဟုတ်တော့ဘူး ဖုတ်''

''ဟော့ကောင် _ ဖိုးသင်း ဘာတွေလျှောက်အော်နေတာလဲ _ ငါပါ ပေသီးပါ''

''ခင်ဗျားသေပြီမလား''

''မသေဘူး ... သေသွားတာက ငုံကိုသတ်ဖို့လာတဲ့ မလက်တိုရဲ့ ခွေးနက်ကြီးပဲ _ ငါသတိဝိရိယကောင်းလို့ သေမင်းတမန်ကိုပြန်သတ်လိုက်နိုင် တာ ... ဟောဟိုမှာတွေ့လား ... ''

ကိုပေသီးညွှန်ပြရာနေရာမှာ ခွေးနက်ကြီးတစ်ကောင် ဓားဒဏ်ရာ အချက်ပေါင်းများစွာနဲ့ သေဆုံးနေ၏။

''တ _ တကယ်ပြောတာလား ဆရာကိုပေသီး _ ဝမ်းသာလိုက် တာမျာ''

''တကယ်ပေါ့ _ ညော် _ ဒါထက် ဒေါက်တာတို့ ဘယ်လိုဖြစ်လို့ ဒီကိုရောက်လာတာလဲဟင်''

''ကိုပေသီးကိုတွေ့ချင်လို့ပါ''

''ကျွန်တော့်ကိုတွေ့ချင်လို့ ... ''

''ဟုတ်တယ် ကိုပေသီး ... မလက်တိုနဲ့ ခွေးအူသံတိုက်ပျက်ကြီး အကြောင်းကို သိချင်လို့လာခဲ့တာပါ''

''မလက်တို _ ခွေးအူသံတိုက်ပျက်ကြီး''

ကိုပေသီးလေသံထဲမှာ နာကြည်းခြင်းတွေစွတ်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

ဖြန်းကျွင်ပေမယ့်

WANT TO COME, BUT ...

"ဟင်း ... ဟင်း ... ဟင်း ... "

"ဒေါက် ဒေါက် ဒေါက် ... "

နီလေးတိုက်ပျက်ကြီး၏အဝေးကိုရောက်နေပြီ။ သို့သော် ... တိုက်ပျက်ကြီးမှာ ကြားခဲ့ရသော ခြေသံနှင့်ရယ်သံကိုမူ ယခုတိုင်ကြား နေဆဲဖြစ်၏။ ထိုအသံတွေ သူမဝန်းကျင်မှာရှိနေသည်။

မရဲတရဲရှာကြည့်တ၏။

အသံရှင်ကိုမတွေ့။

ခပ်လှမ်းလှမ်းဝေ့ဝဲရှာကြည့်တ၏။

အသံရှင်ကိုမတွေ့။

ခပ်လှမ်းလှမ်းမှာ မျှော်ခေါ်ရှာကြည့်တ၏။

အသံရှင်ကိုမတွေ့။

ရော့ရမ်းမှန်းဆရှာကြည့်တ၏။

အသံရှင်ကိုမတွေ့။

စစ်စစ်ပေါက်ပေါက်ရှာကြည့်တ၏။

အသံရှင်ကိုမတွေ့။

ရှာကြည့်သည်။ ရှာသည်။ ကြည့်သည်။

ကြည့်ရင်းမှုးလာသည်။

ရှာရင်းမောလာသည်။

ရှာကြည့်ရင်းပစ်လဲသွားသည်။

နီလေးအတတ်နိုင်ဆုံး သတိကြီးစွာထားကာ မောင့်ကိုအားကိုးတကြီး ခေါ်မိသည်။

"မောင် ... "

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဟင်း ... ဟင်း ... ဟင်း ... "

"မဟုတ်ဘူး ... မလာနဲ့ ... ရှင်မောင် မဟုတ်ဘူး"

"ကျွန်တော် ... ဒေါက်တာ မောင်ရှင်ပါ"

နီလေးသတိရ၍ ကြည့်လိုက်ချိန်မှာ ပလက်တီနမ်ကိုင်း မျက်မှန် တဝင်းဝင်းနှင့် လူတစ်ယောက်သူမကိုင့်စီးကြည့်နေတ၏။

အသားနက်နက်၊ နှုတ်ခမ်းထူထူ၊ ပါးချိုင့်တွဲတွဲ ပိုက်ဆံရွှဲ၊ အဆီအစ်အစ် မှုန်ကစ်ကစ်နဲ့ ထိုရုပ်ရည်သည် ဆရာဝန်ဆိုသော ဂုဏ်ပုဒ်နှင့် သိပ်အဆီအငေါ်မတည့်လှပါ။

"ရှင် ... ကျွန်မကိုမနောက်ပါနဲ့"

"မနောက်ပါဘူး ... မနောက်ပါဘူး။ ကျွန်တော်မောင်ရှင်၊ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com

မောင်ရှင် အမှန်အကန်ဒေါက်တာမောင်ရှင်ပါ''

မင်းသားကြီးကောလိပ်ကျင်နေဝင်း၏ စကားလေယူလေသိမ်း၊ အမှုအရာကို အတုယူပြောနေပေမယ့် မတူပါ။ ခြေအငြိမ်မနေ၊ လက်အငြိမ်မနေ၊ ခေါင်းအငြိမ်မနေ၊ ကိုယ်အငြိမ်မနေသော ထိုဒေါက်တာမောင်ရှင်ဆိုသူသည် မင်းသားရာဇာနေဝင်းဟန်ပန်နှင့်မှ နည်းနည်းဆင်တူသေးသည်။

သို့ပေမယ့် ဆိုးဝါးလွန်းသည်က ဝတုတ်ပုတ်ပြ၊ အသားမည်းထိုလူကို နီလေးမယုံကြည်ရဲပါ။

ယုံကြည်လောက်အောင် ဟန်ပန်ထုတ်ပြလေလေ နီလေးကတော့ အယုံအကြည်နည်းပါးလေလေဖြစ်၏။

''မညာဘူး _ မညာဘူး _ ကျွန်တော်မညာပါဘူး ဒေါက်တာသိုး မရှိတဲ့အချိန်မို့ သူပေးရှင့်(Patient) ဖြစ်တဲ့မနီလေးကို ကြည့်ပေးဖို့အကူအညီ တောင်းခံထားလို့လာတာပါ။

သူမအမည်လည်းသိ။ ဒေါက်တာသိုး၏ အကြောင်းကိုလည်းသိထားဟန်တူ၏။ သို့မို့ကြောင့် သူမအနည်းငယ်ယုံကြည်စပြုလာသည်။

''နည်းနည်းစမ်းသပ်ကြည့်မယ်နော်''

နားကြပ်ကိုင်ကာ ဟန်ပြင်လိုက်သည်မို့ _

''ဟို ... ဟို ... နေပါဦးရှင် ... ဒါထက်ဒေါက်တာသိုးက ဘယ်သွားလို့လဲ''

''မနီလေးယောကျ်ား ကိုညီထွေးနဲ့အတူ အေးချမ်းသာရွာကို ထွက်သွားကြတယ်''

''ဟင် _ မောင်မရှိဘူးပေါ့ ဟုတ်လား''

နီလေး ချက်ချင်းစိုးရိမ်သွားမိသည်။

မောင်မိတွေ့ရဲ့အမွေလက်ကျန် ဒီအိမ်ထဲမှာ သူမတစ်ယောက်တည်း ထားခဲ့ပြီး မောင်ခရီးထွက်သွားတာကိုသိရတော့ စိတ်တွေကျပ်ခဲမွန်းပိတ်သွားလေသည်။

အဲလိုအသိတရား ရဲဖန်ရဲခါမဲ့လေ့ရှိသော မောင့်ကို သူမဒေါသပြင်းစွာဖြစ်နေ၏။

ဇနီးကိုမေ့ထားသလို သားပျောက်အတွက် ပူရမှန်းလည်းမသိ။

ဒေါသကြောင့် သူမ ဝုန်းခနဲထထိုင်လိုက်သောအခါ စမ်သပ်ရန်ရှေ့တိုးလာသောဒေါက်တာမောင်ရှင် နောက်သို့အလန်တကြား တိမ်းရှောင်လိုက်၏။

''လှဲနေလိုက်ပါလား မနီလေး''

''မလှဲနိုင်ဘူး''

ဒေါသကြီးကြီးနီလေးကို ဒေါက်တာမောင်ရှင် နိုးတထိတ်ထိတ်ကြည့်နေရသည်။

''စမ်းသပ် ... ''

''မစမ်းသပ်နဲ့၊ ကျေးဇူးပြုပြီး ဘာမှလည်းမစမ်းသပ်ပါနဲ့ ကျွန်မနေကောင်းနေပါတယ်၊ ကျွန်မတစ်ယောက်တည်းနေပါရစေ ဒေါက်တာရှိနေတာ ကျွန်မအတွက် ပိုပြီးစိတ်အနှောင့်အယှက်ဖြစ်ရလို့ ထွက်သွားပေးပါရှင်''

သူမစကားလုံးရင့်သီးသွားသည်မို့ ဒေါက်တာမောင်ရှင်မျက်နှာတင်းသွား၏။

''ဟာဗျာ ... လုံးဝထင်မထားဘူး ပညာတတ်တစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် လူမှုရေးခေါင်းပါးလိမ့်မယ်လို့ ထင်ကိုမထားဘူးဗျာ အကောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြီလေ ကျွန်တော်ထွက်သွားပေးပါမယ်''

နီလေး ဒေါက်တာမောင်ရှင် ကျေနပ်အောင် တောင်းပန်စကားဆိုယင့်မှန်းသိသည်။

နီလေးဘယ်တုန်းကမှ အခုလိုမရှိင်းစိုင်းဘူးပါ။

ဒါပေမယ့် အခုအချိန်မှာ သူမစိတ်တွေရောကိုယ်တွေရော ချိန့်ခွင်မှန်းလွှလွန်းနေပါတ၏။

ဒီလိုအချိန်မျိုးမှာ အားကိုးပြုစရာ မောင်ကလည်းမရှိလေတော့ သူမစိတ်ဓါတ်ခံနိုင်ရည်တွေ ယုတ်လျော့ပြိုပျက်သွားခြင်းဖြစ်သည်။

မှားမှန်းသိသည်။ သို့သော် မတောင်းပန်မိပါ။

ရိုင်းစိုင်းမိခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် ရွဲက်သည်။

မောက်မာမိခြင်းအတွက် လိပ်ပြာမလုံဖြစ်ရသည်။

သို့မို့ကြောင့် စီးကျလာသောမျက်ရည်တို့ကို တို့ဖယ်သုတ်ပစ်လိုက်ပြီး တောင်းပန်စကားဆိုဖို့ အသင့်ဖြစ်နေချိန်မှာတော့ ဒေါက်တာမောင်ရှင်မရှိတော့ပါ။

ကိုယ့်ရိုင်းစိုင်းမှုအတွက် နီလေး ကိုယ့်ကိုယ်ကိုယ် မကျေနပ်နိုင်ပါ။

တာဝန်မဲ့တဲ့မောင့်ကို နီလေးမကျေနပ်နိုင်ပါ။

သတိလစ်မေ့မျောနေချိန်မှာတောင် အနီးမှာမနေနိုင်သည့် မောင့်ကို မကျေနပ်နိုင်ပါ။

သားလေးပျောက်ဆုံးသွားသည့် ဖြစ်ရပ်ဆန်းကို မကျေနပ်နိုင်ပါ။

သတိလစ်မေ့မျောစဉ်ကာလတစ်လျှောက်လုံး သားပျောက်ဆုံးရတဲ့ဒုက္ခကို ရောက်နေခဲ့သည်။

သို့ပေမယ့် သားသည်အရုပ်မဲ့၊ ဖြင့်မဲ့တစ်ခုလို စိတ္တဇနာမ်အစုအဖွဲ့ပမာ ပျောက်ဆုံးနေသည်။

ဘာပဲဖြစ်ဖြစ် နီလေးအဖို့ သားလေးသည် ရင်တွင်းရတနာအမြဲတေတစ်ခုဖြစ်သည်။ လုံးဝအဆုံးရှုံးမခံနိုင်ပေ။

ဒီတော့ _ နီလေး သားလေးဆီ သွားကိုသွားမှဖြစ်တော့မည်။

ဒီတစ်ခါတော့ အိပ်မက်မဟုတ်၊ သတိလစ်မေ့မျောနေတာမဟုတ်။ စိတ်ရောကိုယ်ပါ ထပ်တူညီကပ်ပါသည့် နီလေးစစ်စစ်အဖြစ် _ သားလေးရှိရာသွားပါမည်။

နီလေး ထိုတိုက်ပျက်ကြီးဆီ ဘယ်လိုကဘယ်လိုရောက်အောင် သွားရမည်ကိုသိသည်။

ကိုယ်တိုင်ကိုယ်ကျတစ်ခေါက် စိတ်ဝိညာဉ်အဖြစ် နှစ်ပတ်တိတိရောက်ခဲ့ဖူးပြီးဖြစ်သောကြောင့် ခရီးတာအဝေး၊ လမ်းလျှောက်သွားလျှင် လေးဆယ့်ငါးမိနစ်မျှသာကြာမည်ကိုလည်းသိသည်။

ဘာကြောင့် အခုလိုသိနေသည်ကိုတော့ သူမကိုယ်သူမနားမလည်နိုင်တော့ပါ။

နီလေးခြံပြင်ရောက်တော့ မိုးဖွဲဖွဲလေးကျဲရာမှစိပ်လာသည်။ ပါးရာမှပိတ်လာသည်။

လူသွားလူလာများရာမှ တဖြည်းဖြည်းတိတ်လာသည်။

သူမလို သူစိမ်းတရံစာဧည့်သည်တစ်ယောက်အဖို့ လေ့လာစူးစမ်းအကြည့်နဲ့ကြည့်မည့် မြို့ခံတွေမတွေ့ရလေကောင်းလေပင်မဟုတ်လော။

သိသူနှင့်တွေ့လျှင် _ တားမြစ်ကောင်းတားမြစ်ကြမည်။ အခုတော့

www.burmeseclassic.com

သူမသိ၊ လူမသိ လူခြေတိတ်မိုးသည်းညသည် သူမအတွက်တော့အခက်သင့်ရ လှတ်။

အရှေ့ခပ်လှမ်းလှမ်းက စောင်ချမ်းပင်မောင်နှမရောက်လျှင် မြို့ရှောင်လမ်းခွဲကိုတွေ့မည်။ အဲဒီကျရင်တော့ ... ပိုပြီးအဆင်ပြေလိမ့်မည်။ လူသွားလူလာလုံးဝပြတ်တောက်သွားမည်။

တစ်စီးတလေ ဖြတ်မောင်းသွားလေ့ရှိသည့် ကုန်တင်ကားကြီးတွေသာ ရှိသည်မဟုတ်လား ...

နီလေး စောင်ချမ်းပင်မောင်နှမ အလယ်ရှိ ကားလမ်းအလယ်ရောက် သွားချိန်မှာ ...

ဂျစ်

ဂျစ် ဂျစ်

ဂျိန်း ...

နားအူမတတ် မိုးခြိမ်းသံနှင့်အတူလျှပ်စီးတွေ ဝင်းဝင်းလက်သွား၏။ ရင်ခုန်သံမြန်ရှ်လန့်မိသည်။

ထိုအချိန်မှာ ...

"ခစ် ခစ် ... ဟီ ဟီ ဟီ ... ခစ် ခစ်"

မိန်းကလေးတစ်ယောက်ရယ်သံ။ ကြည့်လိုက်တော့ _ လေးငါးခြောက် နှစ်ခန့်သာရှိမည့် မိန်းမငယ်လေးတစ်ယောက် စောင်ချမ်းပင်အကွယ်မှထွက်လာ တ်။

လက်တစ်ဖက်တိုနေတာတွေ့ရတော့ ကြက်သီးထမိတ်။

"မလက်တိုရေလာဟေ့ ကိုကြီးကုလားဆီလာတော့ ... အိမ်ပြန်ရ

အောင် ... "

ဒီတစ်ခါတော့ လမ်းတ်တစ်ဘက်တစ်ခြမ်းရှိ စောင်ချမ်းပင်အကွယ်မှ ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ် လူပျိုကောင်လေးတစ်ယောက်ထွက်လာတ်။

"ဟဲ့ ... ကလေးတွေ ညကြီးအချိန်မတော် အိမ်မပြန်ဘဲနဲ့ ဒီမှာ ဘာလုပ်နေတာလဲ"

နီလေးစိတ်ပူစွာမေးပေမယ့် သူတို့တွေက နီလေးကိုဂရုမစိုက် _

"ဒီတစ်ခါကစားပြီးရင် ပြန်မယ် ... နင်ဟိုဘက်လှည့်၊ မျက်စိမှိတ် ငါစိမ်ပြီလို့အော်မှလိုက်ခဲ့ ... "

"ဒီတစ်ခါပဲနော် ... ညီမလေး"

"အေးပေါ့ဟာ _ ကြာတယ် ဟိုဘက်လှည့်"

အစ်ကို့ကိုနိုင်စားသည့် ညီမငယ်ဖြစ်ပုံရသည်။

နီလေးဘာရယ်မဟုတ် ကလေးတွေကိုကြည့်နေမိသည်။ ထိုသို့ ကြည့်နေဆဲမှာပင် ပြေးသူညီမငယ်တ်အသံကြားရတ်။

"စိမ်ပြီ ... လိုက်ဟေ့ ... "

ကလေးမလေး ကားလမ်းတစ်လျှောက်ပြေးတ်။ သူမတ်၊ အစ်ကို ဖိုး ကုလားကလည်းလိုက်တ်။

မိလုမိခင်အချိန် ...

"ညီမလေး မလက်တိုလမ်းပေါ်မပြေးနဲ့ ကားလာနေတယ် အောက် ဆင်း"

ကလေးမလေးက မကြားလို့လား ကြားရဲ့နဲ့မနာခံတာလားတော့မသိ ဆက်ပြေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

နီလေးလည်း စိတ်ထဲမှာ ကလေးနှစ်ယောက်အတွက် ပူပန်လာကာ သူတို့နောက်သို့ပြေးလိုက်သွားမိတ်။

''တီ ... ''

ကုန်တင်ကားကြီး ဟွန်းအကျယ်ကြီးတီးလျက်ပြေးဝင်လာတ်။

''ကလေးတွေအောက်ဆင်း ... ''

နီလေးအော်သံကို မကြားနိုင်တော့ပါ။

ဝူး

တီ ...

ဝုန်း

''အား ... ''

အပြေးအလွှားကားသံ၊ ကားဟွန်းသံ၊ ကားတိုက်သံနှင့်အတူ နာကျင်ထိခိုက်ရင်ကွဲမတတ်အော်သံများက မိုးသည်းညဉ့်ကြီးထဲ တိုးဝင်သွားတော့သည်။

ကားကြီးကဝေးသွားပြီ။

ကြည့်လိုက်တော့ ကလေးတွေမရှိတော့ပေ ...

နီလေး ကိုယ့်ကိုယ်ကိုယ်ရာကြည့်တော့ ...

သွေးအိုင်ထဲမှာ နီလေးနဲ့ခွဲမရအောင်တူတဲ့ မိန်းမပျိုတစ်ယောက် သေဆုံးနေသည်။

ခဏနေတော့ ကားတစ်စီးရောက်လာတ်။ နီလေးနှင့်ချွတ်စွပ်တူသော မိန်းမကိုပိုင်းကြည့်နေကြတ်။

နီလေးခြေလှမ်းတွေကတော့ သားလေးရှိသည့် ခွေးအူသံတိုက်ပျက်ကြီးဆီသို့ ပေါ့ပါးစွာ ...

ကိုယ်နဲ့တူတဲ့လူကိုကြည့်ဖို့ထက် သားလေးနဲ့တွေ့ရဖို့က ပဓာနကျသည်

ပဲကိုး ...

www.burmeseclassic.com

www.burmeseclassic.com

" ... "

" ... "

" ... "

" ... "

ညီထွေးအကြောင်းစုံရှင်းပြအပြီးမှာ ကိုပေသီးလက်သီးကျစ်ကျစ်ဆုပ်လျှက် တောက်တစ်ချက်ခေါက်ဇ။

"တောက် ... ဒီမကောင်းဆိုးဝါးမကတော့ သောင်းကျန်းနေပြီ၊ မဖြစ်တော့ဘူး ဒီအတိုင်းဆက်သွားနေလို့ကတော့မဖြစ်တော့ဘူး ... အဲဒီတိုက်ပျက်ကြီးကိုဖြိုပြီး မီးရှို့ပစ်သင့်ပြီ၊ မိစ္ဆာမက ဘာအစီအမံတွေလုပ်ထားလဲမှမသိတာ ... "

ကိုပေသီးစိတ်တိုလာသည်မှာ အခုချက်ချင်းတိုက်ပျက်ကြီး ဖြိုတော့မယောင် ...

ပြီးတော့ သွေးရဲရဲအင်္ကျီကိုချွတ်လိုက်ရာ အင်္ကျီအိတ်ထောင်ထဲမှ ဓာတ်ပုံတစ်ပုံထွက်ကျလာလေသည်။

"ဟင် ... သား ... သား ... ကျွန်တော့်သားဓာတ်ပုံ ကိုပေသီး ဘယ်လိုတွေ့တာလဲ"

"ဗျာ ... ကိုညီထွေး ... ခင်ဗျားဘာတွေပြောနေတာလဲ၊ ဒါကျွန်တော့်သားဗျ၊ တိုက်ပျက်ကြီးထဲမှာ ပျောက်သွားတဲ့သား၊ ကြာကူလီကုလားငင်းစားလို့ ကျွန်တော်လုံးဝမချစ်တဲ့ ကျွန်တော့်သား _ ဒင်းလေးကြိုဟ်မွေလို့ ကျုပ်သိပ်ချစ်ရတဲ့ ကျုပ်မိန်းမရင်ရင်သေခဲ့ရတာ"

"ကျွန်တော့်သားနဲ့ တစ်ထေရာတည်းတူတာပဲဗျာ"

အခန်း (၁၂)

မလက်တို ဘယ်ကလာသလဲ

WHERE DID SHE COME BACK?

မရင်ရင် အုတ်ဂူဘေးမှ သူတို့အရက်ပိုင်းကြီးက ခန့်ထည်နေလေပြီ။

"ခွေးအူသံတိုက်ကြီးနဲ့ မလက်တိုအကြောင်းကိုသိချင်လို့ပါ ကိုပေသီး ကျွန်တော့်သူငယ်ချင်း ဒေါက်တာသိုးကိုမေးကြည့်တော့ ... အေးချမ်းသာရွာကလူတွေသိနိုင်တယ်တဲ့ _ အဲဒီရွာက ကိုပေသီးနဲ့သူအရမ်းရင်းနှီးကြတယ်ပြောလို့ ကျွန်တော်တို့အခုလိုရောက်လာကြတာပါ"

"ဟုတ်တယ် ကိုပေသီး ... ပြောပြလိုက်ပါဗျာ ... ဒါကျွန်တော့် သူငယ်ချင်း ညီထွေးတဲ့ ကျွန်တော်တို့မြို့ဇာတိပဲ _ ဒါပေမယ့် သူရန်ကုန်မှာနေတာ ဆယ်နှစ်ကျော်ပြီ"

"ဘာလို့ အဲဒီမိန်းမနဲ့ အဲဒီအိမ်အကြောင်း သိချင်ရတာတုန်း"

"ဒီလိုပါခင်ဗျာ _ အဲဒီအိမ်ကြီးမှာ ကျွန်တော့်သားလေး ထူးခြားစွာပျောက်သွားခဲ့တာကြောင့်မို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား"

"အေးဗျာ ... မယုံနိုင်လောက်အောင်ပါပဲ"

"အင်းပေါ့လေ ... အဲလိုခွဲမရအောင်တူလို့လည်း မကောင်းဆိုးဝါး မိစ္ဆာမက သတ်ပစ်လိုက်တာဖြစ်မှာပေါ့။ အဲဒီမိစ္ဆာမက ကုလားကိုသံသရာဆုံးတဲ့အထိ အမုန်းမဆုံးနိုင်ဘူးဆိုတဲ့ မိန်းမပဲ"

"ဒါဆို ကျွန်တော့်သားသေပြီပေါ့"

"ကျုပ်သားတုန်းကလည်း အဲဒီတိုက်ပျက်ကြီးထဲပျောက်သွားခဲ့တာပဲ၊ ခုချိန်ထိအလောင်းရှာမတွေ့ခဲ့ဘူး။ ပိုဆိုးတာက ကျုပ်မိန်းမ၊ ကျုပ်မိန်းမအသက်ပါအဆစ်ပေးလိုက်ရတယ်"

"ဟာဗျာ ... စိတ်မကောင်းစရာပဲ"

"ဟုတ်တယ်ဗျ ... ပေးစမ်းဖိုးသင်းရာ ငါ့ခွက်ထဲအပြည့်ထည့်စမ်းကွာ ... ဖြစ်နိုင်ရင်သောက်ရင်းနဲ့သေသွားချင်တယ်"

"ခင်ဗျားလိုပြောကြေးဆို _ တစ်ကမ္ဘာလုံးမှာရှိတဲ့ အရက်သမားတိုင်းအဲလိုပဲပြောကြမှာပေါ့ဗျာ၊ အရက်ကြိုက်တဲ့လူတိုင်း အရက်သောက်ရင်းသေချင်ကြတယ်၊ မိန်းမကြိုက်တဲ့လူတိုင်း မိန်းမနဲ့နေရင်းသေချင်ကြတယ်လေဗျာ _ ကျွန်တော်လည်း အရက်သောက်ရင်း သေခွင့်ရချင်တယ် ... ညီထွေးလည်း အဲလိုပဲ ... ဖိုးသင်းလည်း ထိုနည်းလည်းကောင်း ကျွန်တော်တို့အားလုံး ခင်ဗျားလိုပါပဲ _ အဲဒီသေခြင်းက စိတ်ကျေနပ်စရာအကောင်းဆုံးသေခြင်းတရားဗျာ့ ဟုတ်ဘူးလား ဖိုးသင်းရာ ... "

"ဟုတ်တာပေါ့ ... ဒေါက်တာသိုးရယ်"

ဒေါက်တာသိုးနှင့်ဖိုးသင်းတို့ အတိုင်အဖောက်ညီစွာ အခံအစ

ဟုတ်နေကြချိန်မှာ ညီထွေးနှင့်ပေသီးလည်း ခေါင်းချင်းဆိုင်ပူဆွေးနေကြသည်။

"အဲဒီမိန်းမက ကြောက္ခလီကုလားကို မုန်းတီးပြီး စိတ်ကြမ်းဝင်ရတာဗျ၊ အရင်ကတော့ စိတ်ထားနူးညံ့သလို ရုပ်ကလေးကလည်းသိပ်ချောတာပေါ့ဗျာ ... သူဘဝလေးနဲ့သူ အေးအေးချမ်းချမ်းပဲ၊ ရေနံမြေက ဝန်ထမ်းကောင်လေး မောင်ကျိုးဖြူဆိုတဲ့ကောင်လေးနဲ့ ချစ်ကြိုက်နေတဲ့အချိန်မှာ ကြောက္ခလီဝင်လိုက်လို့ အဲဒီမိန်းမဘဝပျက်ခဲ့ရတာ၊ မောင်ကျိုးဖြူလေး ပိုက်လုံးပိသေတာကိုလည်း ကြောက္ခလီကုလားတစ္ဆေဘဝနဲ့ခြောက်လှန့်လို့ဆိုပြီးပြောတာပဲ"

"အဲလိုကျတော့လည်း မလက်တိုဘဝက သနားစရာပဲနော်"

"ကျုပ်ကတော့ မသနားနိုင်ဘူး၊ ကျုပ်သားဟာ ကြောက္ခလီကုလားဝင်စားတယ်လို့ကြားလို့ အဲဒီမိန်းမကအရင်ဘဝက အမုန်းကို မကြေနိုင်မချမ်းနိုင်နဲ့ သတ်ပစ်ခဲ့တာဗျ"

"သေချာလို့လားဗျာ"

"သေချာတယ် ကိုညီထွေး"

"ကိုပေသီး _ ဘာတွေလျှောက်ပြောနေတာလဲ၊ ဆရာပေသီးရယ်၊ ဆရာ့မိန်းမနဲ့ကလေးသေတဲ့အချိန်မှာ မလက်တိုတို့သားအမိမှ မရှိတော့တဲ့ဗျာ"

"ဟုတ်လား _ ကိုဖိုးသင်း၊ မလက်တိုတို့သားအမိက သေသွားတာလား"

"သေမှန်းရှင်မှန်း ဘယ်နေမှန်း ဘယ်သူမှကို အခုချိန်ထိမသိကြပါဘူး၊ ပျောက်ချင်းမလှပျောက်သွားတာပဲဗျာ၊ အဲ ... ဒါပေမယ့် တစ်ခါတရံတိုက်ပွဲကြီးဆီက ခွေးအူသံနဲ့အတူ မလက်တိုကိုမြင်လိုက်ကြတဲ့သူတွေရှိတယ်၊ တစ်ခါတရံကျတော့လည်း ကျုပ်တို့သချိုင်းမှာ မလက်တိုနဲ့ခွေးနက်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com

တွေ့တဲ့လူရှိတယ်၊ အဲလိုတွေ့တဲ့နေ့မှာ ရွာထဲကလူတစ်ယောက်ယောက်သေတယ်၊ များသောအားဖြင့် ကလေးနဲ့ကလေးအမေတွေများပါတယ် ... အဲထူးခြားတာက ဒီနေ့ဗျ ... ''

''ဗျာ ... ဒီနေ့က ဘာဖြစ်လို့တုန်း ကိုဖိုးသင်း''

''ကိုညီထွေးက မလက်တိုနဲ့ ခွေးနက်ကြီးကိုတွေ့ခဲ့တယ်၊ ဒါပေမယ့် ဘယ်သူမှမသေဘူး''

''အဲဒါ မင်းမသိသေးဘူးလား ဖိုးသင်း _ သေမင်းတမန်ခွေးနက်ကြီးကို ငါကပြန်သတ်နိုင်လိုက်ပြီလေကွာ ... ငါမသေဘဲ ခွေးသေသွားပြီ၊ ငါတို့ရွာအပေါ် အမြဲအနိုင်ရခဲ့တဲ့ မလက်တို အခုကစပြီး ငုံကိုရှုံးသွားပြီ၊ ငါတို့ရွာကိုလည်း ဒုက္ခမပေးနိုင်တော့ဘူးပေါ့ကွာ _ ''

''ဆရာသမားပြောသလို ဟုတ်ရင်တော့ကောင်းသားဗျာ၊ ဒါပေမယ့် မလက်တိုက သရဲဆိုရင် နောက်ထပ်ခွေးနက်ကြီးတစ်ကောင်နဲ့ထပ်မပေါ်လာဘူးလို့ မဆိုနိုင်ဘူးဗျ''

''နောက်တစ်ခါလာရင် နောက်တစ်ခါငါသတ်ဦးမှာပဲ''

ကိုပေသီးက အံကြိတ်ကာကြိမ်းဝါးနေပြန်သည်။ သူ့မိန်းမအတွက် အခုထက်ထိ ရန်ငြိုးပြေသေးဟန်မတူ။

''ကိုပေသီးတို့ ကိုဖိုးသင်းတို့ပြောပုံအရဆိုရင်တော့ ကျွန်တော့်သားလေးရဲ့အလောင်းကို မလက်တိုရဲ့ခွေးအူသံတိုက်ပျက်ကြီးမှာ သွားကောက်ရမယ့်သဘောဖြစ်နေပါလား''

''ကျုပ်သားတုန်းကဆို ကောက်စရာအလောင်းတောင်မရှိခဲ့ဘူး။ မိန်းမအလောင်းကို ရခဲ့တာပဲ မလက်တိုကို ကျေးဇူးတင်ရမလိုဖြစ်နေတာ၊

မဟုတ်ရင် မိန်းမအုတ်ဂူဘေးမှာ အခုလိုတောင် အရက်သောက်ခွင့်ရတော့မှာ မဟုတ်ဘူးဗျို့ ... ''

နာကျင်မှုကို ဟာသအမြင်နဲ့ရယ်သွမ်းသွေးနိုင်သော ကိုပေသီးကိုကြည့်ရင်း _ ညီထွေးရင်ထဲက သောကတချို့တစ်ဝက် ပြေပျောက်ရ၏။ အတူယူချင်စရာ ...

''ကိုပေသီးမိန်းမကကော ဘယ်လိုဖြစ်လို့သေသွားတာလဲ''

''ကိုပေသီးမိန်းမ မရင်ရင်သေတာကတော့ စိတ်ချောက်ချားပြီး Heart Attack ဖြစ်ပြီး သေရတာလို့ ငါတို့ဆေးရုံကြီးက ဓာတ်ခွဲခန်းပညာရှင် ဒေါက်တာမောင်ရှင်က အဖြေထုတ်ခဲ့တာပဲ ညီထွေးရေ _ ''

''မသီဘူးဗျာ _ ဆေးပညာအမြင်အရ ဘယ်လိုယူဆကြသလဲတော့ ကျုပ်တို့နားမလည်နိုင်ပါဘူး၊ အဲဒီညက ကျုပ်မိန်းမ မရင်ရင် အမဲသားတွဲကြီးဆွဲပြီး ထွက်သွားခဲ့တာပဲ၊ မသွားခင်မှာပြောသွားတာကတော့ မလက်တိုရဲ့ခွေးနက်ကြီးကျွေးဖို့အမဲသားတွဲပေးရင် မလက်တိုကသူသားကိုပြန်ပေးမယ်ဆိုလို့ဆိုပြီး ကယောင်ကတမ်းပြောပြီးထွက်သွားတာ ညမိုးချုပ်လို့ပြန်မလာလို့ လိုက်ရှာကြတော့ ခွေးအူသံတိုက်ပျက်ကြီးရှေ့မှာ သေနေတော့တာပါပဲဗျာ _ ''

ပြောရင်း ကိုပေသီးအသံတွေတိမ်သွား၍ နောက်တစ်ခွက် ဖိုးသင်းက ငဲ့ပေးလိုက်ရ၏။

''ဒါထက် ကိုပေသီး _ မလက်တိုဆိုတဲ့နာမည် ကျွန်တော်ကြားဖူးခဲ့သလိုလိုပဲ ... ''

''မင်းကလည်း အတိတ်မေ့ချင်နေပြီလား ဖိုးကုလားနဲ့ မလက်တို မောင်နှမဆိုတာ စောင်ချမ်းပင်မောင်နှမကိုစောင့်တဲ့ သရဲတွေလေး _ ''

www.burmeseclassic.com

www.burmeseclassic.com

"သြော် ... ဟုတ်သားပဲ"

ဒေါက်တာသိုးပြောမှ သူပြန်အမှတ်ရတ၏။

ထိုစဉ်

"ဒုန်း ... "

"အား ... "

ကားဆီမှ အသံကြား၍ ညီထွေးကြည့်လိုက်ရာ ကားရှေ့မှာ သူမိန်းမ နီလေးကို သွေးရဲရဲနဲ့လဲနေတာတွေ့လိုက်ရ၏။

"နီလေး ... "

သူအပြေးရောက်သွားချိန်မှာ နီလေးရဲ့ပုံရိပ်သည် တိမ်ဆိုးပမာပျောက်ကွယ်သွားပါ၏။

ရဲရင့်အောင်စာဝေ

အခန်း (၁၃)

ကြိုနေပါမောင်

WAIT FOR ME!

သားတို့ရုပ်ရည် သီတာမည်သား ရေကြည်အလား ငြိမ်းချမ်းစေသည်မှာ မှန်ပေ၏။

"သားလေးရေ ... "

"မေ ... မေ ... "

သားလေးပြေးထွက်လာရာ တိုက်ပျက်ကြီးဆီသို့ နီလေးဟပ်ထိုးလဲမတတ် ပြေးသွားလိုက်၏။

"သား"

"မေမေ"

"သားလေးရယ် မေမေနဲ့သားလေး ပြန်တွေ့ရပြီ၊ ဝမ်းသာလိုက်တာ သားရယ် ... သားဘာဖြစ်လို့ ဒီတိုက်ပျက်ကြီးထဲ ဝင်သွားတာလဲကွယ်"

"မလက်တို့ဆီသွားတာပေါ့"

ရဲရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com

"မလက်တို ... အမလေး ... အဲဒါလူမဟုတ်ဘူး သရဲ ... "

"မေမေအဲလိုမပြောပါနဲ့ဗျာ ... မလက်တိုကသားချစ်သူပါ၊ သား မလက်တိုကို ပစ်ထားခဲ့တာကြာပြီ"

"သား လူလေး ... သတိထားပါကွယ် ... မေမေလေ ... မေမေနီနီကိုမမှတ်မိဘူးလား၊ သားဖေဖေဦးညီထွေးလေ"

"ဟုတ်ပါတယ် မေမေ _ မေမေပြောတာလည်းဟုတ်တယ်၊ သား ပြောတာလည်း မမှားဘူး မောင်ကျိုးဖြူဆိုတဲ့သားမှာ မလက်တိုဆိုတဲ့ သနားစရာ ချစ်သူတစ်ယောက်ရှိခဲ့တယ်၊ သားဟာ အရင်ဘဝက မောင်ကျိုးဖြူဆိုတဲ့ ရေနံ Test Well ဝန်ထမ်းတစ်ယောက်ပါ"

"တော်ပြီသား ... မပြောနဲ့လို့ အမေပြောနေတယ်နော်၊ အမေ မကြိုက်ဘူး ... "

"မလက်တိုဟာ ... သိပ်ကိုသနားစရာကောင်းတဲ့ မိန်းကလေးပါ မေမေ _ လူတွေကမလက်တိုကိုမုန်းနေကြတယ်၊ မလက်တိုသတ်လို့ လူတွေ သေတယ်လို့ထင်နေကြတာ၊ တကယ်တော့မလက်တိုသတ်တာဟာ ကိုယ့် အရှက်အတွက် ကြာကူလီကုလားတစ်ယောက်တည်းကိုပဲ သတ်ခဲ့တာပါ၊ အဲဒီ ကြာကူလီရဲ့အလောင်းကို မြေတိုက်ခန်းထဲမှာ မြှုပ်ထားခဲ့တာပါ၊ ကျန်တဲ့လူတွေ သေတာ မလက်တိုရဲ့အပြစ်မဟုတ်ပါဘူး၊ မလက်တိုရဲ့မြေတိုက်ခန်းထဲမှာ ဖြစ်ပေါ် နေတဲ့ လူကိုအဆိပ်အတောက်ဖြစ်စေတဲ့ ဓာတ်ငွေ့တစ်မျိုးကြောင့်ပါ"

"ဘာပဲဖြစ်ဖြစ် သား ဘာမှမစဉ်းစားနဲ့တော့ အခုလောက်ရှိရင် သားဖေဖေမျှော်နေလောက်ပြီ၊ သားနဲ့မေမေ နှစ်ယောက်လုံးကိုသာတွေ့လိုက်ရ ရင် ဘယ်လောက်တောင်ဝမ်းသာရှာမလဲ မသိဘူး၊ သွားစို့သားလေးရယ်နော်"

"မေမေရယ် _ သား မလက်တိုဆီကိုခွင့်တောင်းလာတာ ခဏလေးပဲ မေမေနဲ့တွေ့ပြီး ပြန်လာမယ်လို့ပြောပြီး ခွင့်တောင်းလာတာ မပြန်လို့မရဘူး"

နီလေးရင်ထဲ ထိတ်ခနဲစိုးရိမ်သွား၏။ သားလေး သူမရင်ခွင်မှ နောက် တစ်ကြိမ်အပျောက်မခံနိုင်ပါ ... ဒီတော့လေချိုသွေးရမည်။

"ဟုတ်လား _ ဒါဆိုလည်း သားသွားပေါ့၊ ဒါပေမယ့် သားဖေဖေကို တော့ လိုက်တွေ့ပါဦး သားရယ် _ သားဖေဖေရဲ့ ခွင့်ပြုချက်ရရင် သားသွားပေါ့ ဟုတ်လား ... "

"ဒါဆို သားတို့ သွားစို့ ... မေမေ"

သားအမိနှစ်ယောက် တိုက်ပျက်ကြီးမှထွက်လာခဲ့သည်။

ထိုအချိန်မှာ ...

အူ ...

အု အု

ခွေးအူသံရှည်ကြီးတစ်ခု တိုက်ပျက်ကြီးထဲမှ ထွက်ပေါ်လာလေသည်။ သားအမိနှစ်ယောက်ကတော့ ပြန်လည်ငဲ့ကွက်ခြင်းမရှိမကြည့်တဲ့ ကံလမ်း လေးအတိုင်း မြောက်စူးစူးသို့လျှောက်သွားကြပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဇနီးနဲ့သားနဲ့တင်တယ်ပျော်ရွှင်စွာ ဇာတိမြေလာခဲ့သော ညီထွေးတစ်ယောက် သားစွန့်၊ မယားစွန့်ပြီး ရန်ကုန်ပြန်နေပါပြီ။

ကိုပေသီး၊ ကိုဖိုးသင်းနှင့် ဒေါက်တာသိုးတို့လည်း ကိုညီထွေးနှင့် အတူလိုက်ပါလာ၏။ ရန်ကုန်မှာစိတ်ပျော်သလောက် နေထိုင်လည်ပတ်ရန်ဖြစ်သည်။

သူတို့အားလုံးကိုတင်ဆောင်လာသည့် ကိုညီထွေး၏ကားလေး ကံလမ်းပေါ် ဂျလစ်၊ ဂျလစ်ပြေးနေ၏။

''ခွေးအူသံတိုက်ပျက်ကြီး ရောက်ပြီဟေ့''

ဒေါက်တာသိုးက စကားစလိုက်တော့ အားလုံး၏အကြည့်များ တိုက်နေရာဟောင်းကို ငေးမောစုံပြုံသွားကြ၏။

ကိုညီထွေးတစ်ယောက်သာ သက်ပြင်းပူတစ်လုံးကို ဖြည်းညင်းစွာ မှုတ်ထုတ်ရင်း ကံလမ်းဘေးထဲသို့ ရှာဖွေရေးမျက်စိနဲ့ငေးကြည့်နေသည်။

သူစိတ်ထဲမှာတော့ ဘယ်နေရာကများ ဇနီးဖြစ်သူနီလေးနှင့် သားသား ပြေးထွက်လာပြီး ကားတားလေမလဲဟု တွေးဆမှန်းမျှော်မိရှာ၏။

''နီလေးရေ ... တာ့ ... တာ ...''

တိုးသဲ့သဲ့ပေမယ့် ရင်ခေါင်းထဲမှ လှိုက်တက်လာသော ကြေကွဲခြင်းတို့ဖြင့် ကိုညီထွေးမျက်ရည် တဖြုတ်ဖြုတ်ကြွေကျသည်။

ဒေါက်တာသိုးနှင့် ကိုပေသီးတို့လည်းမျက်ရည်ဝေ့သီလျှက် စာနာမိကြသည်။

အားလုံးထဲမှာ ကိုဖိုးသင်းတစ်ယောက်ကတော့ မျက်ရည်ပူးဆွဲပြီး အမှုအရာနဲ့ကားတံခါးအပြင်သို့ခေါင်းထွက်ကြည့်လိုက်၏။

အခန်း (၁၄)

ကံကုန်တော့လည်း ခွဲရပါသနည့်

GOOD-BYE

ဒေါက်တာသိုး၏ အကြံပြုတင်ပြချက်အရ ... အဆိပ်အတောက် ဓာတ်ငွေ့များဖြစ်ပေါ်စေသော ခွေးအူသံတိုက်ပျက်ကြီးကို ဖျက်ဆီးပစ်ခဲ့ပြီ။

ကိုညီထွေးလည်း မိဘလက်ငုတ်လက်ရင်း အမွေဆိုင်အိမ်ကလေးကို ရောင်းချပြီး ရရှိသောငွေအပြင် ရန်ကုန်ကမ္ဘာ့ဓာတ်မှငွေထပ်ဖြည့်ပြီး အေးချမ်းသာရွှင်ပျော်ကြောင်း၌ ကမ္ဘာ့ဘုန်းကျောင်းကြီးတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ခွေးအူသံတိုက်ပျက်ကြီးမှ ခွေးအူသံတို့ကိုလည်းကြားရတော့မည်မဟုတ်ပေ။ အကြောင်းမှာ ... အိမ်သာကျင်းဟောင်းထဲမှာ ခိုအောင်းနေခဲ့သော ခွေးအအနက်ကြီးတစ်ကောင်ကို သက်ဆိုင်ရာမှ ပစ်ခတ်နှိမ်နင်းပြီးရှင်းပြီးဖြစ်သည်။

အခုတော့ ... ကမ္ဘာ့ဘုန်းကျောင်းကို ရေစက်ချလှူခဲ့ပြီး နီလေးတို့သားအဖြစ်အပျက်ကြောင့်ကြသေးကုန်သော လောကသားအပေါင်းကို အမျှအတန်းပေးဝေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတွေ့လိုက်ရသည်က _ အသားဖြူဖြူ အရပ်မြင့်မြင့် အမျိုးသမီး
တစ်ယောက်နှင့် ငါးနှစ်အရွယ် ကလေးငယ်တစ်ယောက်ဖြစ်ပြီး ...
သူနားနဲ့ဆက်ဆက်ကြားလိုက်ရသည်ကတော့ _
"မောင်ရေ ... တာ့ ... တာ" ပါတဲ့။

BURMESE CLASSIC .com

www.burmeseclassic.com